ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်၊ တနင်္လာနေ့ (23-2-2009) (၅၉၆၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဘရူနိုင်း ဒါရူဆလမ်နိုင်ငံဘုရင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်နေ့တွင်ကျရောက်သော ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ၏ (၂၅)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ၂၃ရက်နေ့တွင်ကျရောက်သော ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ၏ (၂၅)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများတွင် နောင်သဘာဝဘေးအန္တရာယ်များပေါ်လာပါက အသက်အိုးအိမ်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် လမ်းကွန်ရက်စီမံကိန်းများ ဖောက်လုပ်ပေးလျက်ရှိ လာမည့်မိုးကာလမတိုင်မီ အနည်းဆုံး မြေမာလမ်းအဖြစ် စတင်အသုံးပြုနိုင်အောင် ဖောက်လုပ် Cyclone Shelter တည်ဆောက်ရေးလုပ်ငန်းများကိုလည်း မိုးကာလမတိုင်မီ အဆောက်အအုံပိုင်းပြီးစီးရေး ဆောင်ရွက်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသနေလူငယ်လူရွယ်များအား အသက်မွေးဝမ်းကျောင်း ပညာရပ်များကို စနစ်တကျ သင်ယူတတ်မြောက်စေရေးအတွက် အခြေခံအိမ်တွင်းမှုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိ၊ ဆက်လက်၍လည်း စက်မှုလက်မှု သင်တန်းကျောင်းများကို သင့်လျော်သည့်နေရာများ၌ ဖွင့်လှစ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ။

နေပြည်တော် ဖေဖော်ဝါရီ ၂၂

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းကွန်ရက်စီမံကိန်းလုပ်ငန်းများ၊ Cyclone Shelter တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ဖျာပုံမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ နယ်မြေတာဝန်ခံ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံမြို့ရှိ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၁)မှ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(အပေါ်ပုံ) (သတင်းစဉ်)

ကြေးမုံ The Mirror
၂၃-၂-၂၀၀၉
(တနင်္လာနေ့)

ရောဂါဘယကင်းဝေးရေး ကြိုတင်ကာကွယ်ကုသ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ပါဝင်ကူညီ

ကျန်းမာရေးသည် လူတိုင်းအတွက် အဓိကလိုအပ်ချက်ဖြစ်ရာပြည်သူတိုင်းက တစ်ကိုယ်ရေကျန်းမာမှု အစဉ်သတိပြုကြရမည် ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနက လူတိုင်းသက်တမ်းစေ့ အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် ရောဂါကြိုတင်ကာကွယ်ခြင်းနှင့် ကုသခြင်း အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဖော်ဆောင်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ အနာကြီးရောဂါကင်းဝေးရေးသည် တစ်ခုအပါအဝင်ဖြစ်သည်။ အနာကြီးရောဂါသည် အရေပြားနှင့် အာရုံကြောကို ထိခိုက်ပျက်စီးစေပြီး အချိန်မီ ဆေးကုသမှုခံယူခြင်းမရှိပါက ကိုယ်အင်္ဂါချို့ယွင်းပျက်စီးစေတတ်သော ရောဂါဖြစ်သည်။

အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းများ၏ ကူညီမှုဖြင့် ၁၉၅၂ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့သည်။ ကျေးရွာများအရောက် ကွင်းဆင်း၍ လူနာများအား ရှာဖွေပြီး (ဒက်ပဆုံး) ဆေးတစ်မျိုးတည်း တိုက်ကျွေးကုသခဲ့ရာ ဆေးယဉ်ပါးမှုများ ဖြစ်ပေါ်လာသဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်ဖြစ်သော (MDT) ဆေးပေါင်းကျွေးကုထုံးကို ၁၉၈၆ ခုနှစ်မှ စတင်ကျင့်သုံးခဲ့သည်။

ဆေးကုသချိန် ခြောက်လမှ တစ်နှစ်အတွင်းသာကြာ၍ ကုသချိန်တိုတောင်းခြင်း၊ ဆေးစွမ်းထက်မြက်ခြင်း၊ လူနာများ ယုံကြည်အားကိုးလာခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ လူမှုရေးအသင်းအဖွဲ့များက ဆေးတိုက်ကျွေးရေး လုပ်ငန်းများတွင် ပူးပေါင်း ကူညီကြခြင်းတို့ကြောင့် အနာကြီးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းလာကြောင်း သိရသည်။

အနာကြီးရောဂါ ဖြစ်ပွားသူများသည် မျက်စိ၊ လက်၊ ခြေတို့ကို ထိခိုက်ပျက်စီးနိုင်သဖြင့် မပျက်စီးမီ ကြိုတင်ကာကွယ်ရေးနှင့် လူနာများအတွက် လိုအပ်သည့် အထောက်အကူပစ္စည်းများကို ပံ့ပိုးပေးကြရမည်ဖြစ်သည်။ ရောဂါကြောင့်ဖြစ်စေ၊ ရောဂါ၏ နောက်ဆက်တွဲ ကိုယ်အင်္ဂါမသန်စွမ်းမှုကြောင့်ဖြစ်စေ လူမှုရေးပြဿနာ ကြုံတွေ့နေသူများကိုလည်း ဝိုင်းဝန်းပံ့ပိုး ကူညီကြရမည်ဖြစ်သည်။

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နှီးနွယ်ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်သူများအားလုံးက ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားနေသူများ ရှာဖွေဖော်ထုတ်ကုသခြင်းလုပ်ငန်းများနှင့် ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ကူညီ ဆောင်ရွက်ကြခြင်းဖြင့် လူတိုင်းကျန်းမာပျော်ရွှင်ခြင်းသုခနှင့် ပြည့်စုံနေကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နောင်မွန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူးဗိုလ်မှူးချုပ်စိုးဝင်း စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်စိုးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် မချမ်းဘောမြို့နယ် အလန်းဝါးကျေးရွာမူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး စားသောက်ဖွယ်ရာများ၊ အဝတ်အထည်နှင့် ဆေးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကျေးရွာဥက္ကဋ္ဌ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးပြီး အထန်ဂါးကျေးရွာ မူလတန်းကျောင်းအတွက် စားသောက်ဖွယ်ရာများနှင့် ကျောင်းဝတ်စုံများ၊ ကျောင်းသုံး ဗလာစာအုပ်များကိုလည်းကောင်း၊ ကျေးရွာဥက္ကဋ္ဌနှင့် ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးပြီး ဆေးနှင့် ဆေးပစ္စည်း၊ စားသောက်ဖွယ်ရာများနှင့် အိုင်အိုဒင်းဆားများကိုလည်းကောင်း ပေးအပ် သည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် နောင်မွန်းမြို့နယ် ဖတ်မာကျေးရွာနှင့် လဆယ်တုကျေးရွာသို့ ရောက်ရှိပြီး စားသောက်ဖွယ်ရာနှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် ရပ်ဘော့ အမှတ်(၂)ရွာနှင့် ရပ်ဘော့အမှတ်(၁) ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာဥက္ကဋ္ဌများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကာ ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ၊ အိုင်အိုဒင်းဆား၊ ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးသည် ကွမ်လင်းကျေးရွာဥက္ကဋ္ဌထံ စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ နောင်မွန်းမြို့နယ် ပြည်သူ့ဆေးရုံ၌မြို့နယ်ဥက္ကဋ္ဌနှင့် ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများပေးအပ်သည်။

တိုင်းမှူးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၆ နာရီတွင် နောင်မွန်းမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့်တိုက် သိပ္ပံလက်တွေ့ခန်းနှင့် သင်ကြားမှု အထောက်အကူပြု စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ရပ်ဘော့ကျေးရွာ၌ ရပ်ဘော့-ကော်လဲ့-ပန်နန်း ကားလမ်းပိုင်းအား တိုးချဲ့ပြုပြင်ဖောက်လုပ်မှု စတင်ဆောင်ရွက်ခြင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ရပ်ဘော့ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ တိုင်းမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများတွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

လမ်းမတော် အထက(၂)ကျောင်းခန်းမ၌ ကျင်းပသော မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာတစ်နိုင်ငံလုံး သိပ္ပံတွဲ ပဋ္ဌမ အဆင့်ရရှိသူ မောင်အောင်မြတ်ကိုအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ (ဂုဏ်ထူးဆောင်) နာယက ဗိုလ်ကလေးတင့်အောင် ဆုချီးမြှင့်စဉ်။

(ပညာရေး)

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး ဂုဏာဝိသိဋ္ဌပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မတ် ၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီခမ်းမှာရုံ၌ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်းဇာတိ ဆရာတော်ကြီးများအား ဂုဏာဝိသိဋ္ဌပူဇော်ခြင်း၊ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းတို့ကို တစ်ပါတည်းကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ၊ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ပညာရည်ချွန်ဆုအတွက် ပါရဂူဘွဲ့ရသူများနှင့် ၂၀၀၈ ခုနှစ် အခြေခံပညာ အထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင်များ၏ သား၊ သမီးများ အမှတ်စာရင်းမိတ္တူ အထောက်အထားပြည့်စုံစွာဖြင့် ဥက္ကဋ္ဌ ဗိုလ်မှူးကြီး နေဝင်း(ငြိမ်း) ဖုန်း- ၅၅၉၄၇၂၊ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်သိန်း (ငြိမ်း) ဖုန်း- ၀၉၅၁ ၄၇၉၀၄၊ တွဲဖက်အတွင်းရေးမှူးများဖြစ်သော ဦးမောင်မောင်လှ ဖုန်း- ၂၄၀၀၄၇၊ ဦးမြင့်လွင် ဖုန်း-၅၁၀၄၅၂၊ ဦးအေးလွင် ဖုန်း- ၆၆၆ ၄၅၆၊ ဦးသောင်းရွှေ ဖုန်း- ၀၉၉၉၇၃၆၈၀ တို့သို့ ဆက်သွယ်စာရင်းပေးကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

ပိုလီယိုအကြောသေရောဂါ ကာကွယ်ဆေးတိုက်ကျွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

၂၀၀၉ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဒုတိယအကြိမ်အဖြစ် အသက် ငါးနှစ်အောက်ကလေးငယ်များအားပိုလီယိုအကြောသေရောဂါကာကွယ်ဆေးများတိုက်ကျွေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စုအလိုက်ဆေးတိုက်စုရပ်အသီးသီး၌ ကျင်းပကြကြောင်း သိရသည်။ (၁၉၁)

အထက(၁)ပန်းဘဲတန်း (စိန့်မေရီ) စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

အထက(၁)ပန်းဘဲတန်း (စိန့်မေရီကျောင်း)တွင် ၁၉၇၂-၁၉၈၅ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သည့် ကျောင်းသူဟောင်းများ၏(စတုတ္ထအကြိမ်မြောက်) မြတ်ဆရာပူဇော်ပွဲကို မတ် ၁ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပါရန်နှင့် ကျောင်းသူဟောင်းများမှ လှူဒါန်းလိုပါက ကျင်းပရေးကော်မတီ ဒေါ်နီနီမာ၊ ဒေါ်စီစီမာ ဖုန်း-၂၄၃၇၄၀၊ ဒေါ်တင်တင်ဦး ဖုန်း-၂၄၅၃၂၅၊ ဒေါ်ခင်မိုးထွေး ဖုန်း-၀၉ ၅၀၄၃၁၀၁၊၂၄၈၂၅၇၊ ဒေါ်စန္ဒာအေး၊ ဒေါ်လှလှကြည် ဖုန်း-၀၉၅၁၅၈၃၁၇၊ ဒေါ်ဖြူဖြူ ဖုန်း-၇၂၅၅၈၆၊ ဒေါ်ခင်လေးဝင်း ဖုန်း-၀၉၅၀၆၆၉၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

မန္တလေးတိုင်း ဗီဒီယိုလုပ်ငန်းဆိုင်ရာများ မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးမြင့်သည် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာနိုင်ငံရုံးခွဲ(မန္တလေး) အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဗီဒီယိုအခြေခံ အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား တွေ့ဆုံ၍ ဗီဒီယိုလုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးသည် မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာနိုင်ငံရုံးခွဲ(မန္တလေး)မှ ဝန်ထမ်းများအား တွေ့ဆုံ၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်သည် စစ်ကိုင်းမြို့ရှိ ဇေယျာသီရိရုပ်ရှင်ရုံနှင့် မန္တလေးမြို့ရှိ အဆင့်မြင့် ရုပ်ရှင်ရုံများအား သွားရောက်ကြည့်ရှု စစ်ဆေးပြီး ရုပ်ရှင်လုပ်ငန်းများ အဆင့်မြင့် ပြသပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းဆိုင်ရာများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

ကြည့်ရှုစစ်ဆေး

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်လုပ်ငန်းဖြစ်သော နှင်းဆီလမ်းကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးနေထက်ရှိန် ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ၊ အငယ်တန်းအင်ဂျင်နီယာ(၃)ဦးကျော်လင်းဦး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဖေဖော်ဝါရီ ၇ ရက်က ဒဂုံမြို့နယ် အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ရေသန့်စက် မတည်အလှူရှင် ဦးထိန်လင်း-ဒေါ်တင်မမထွန်းနှင့် သားဖြစ်သူ ပထမတန်း(က)မှ မောင်ရဲထိန်လင်း မိသားစုက အလှူငွေကျပ် သုံးသိန်းရှစ်သောင်း လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးကျော် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(ပညာရေး)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ပူတာအိုမြို့နယ် ဒါဂူရီဇားကျေးရွာနှင့် မန်စေကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်ထားသည့် မန်စေ ဂျစ်ကားကူးကြိုးတံတား ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒါဂူရီဇား ကြိုးတံတားနှင့် မန်စေကြိုးတံတား ကြံ့ခိုင်မှုအခြေအနေများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၇ နာရီခွဲတွင် ပူတာအိုမြို့နယ် အထက်ဆန်ဂေါင်ကျေးရွာအနီးရှိ ပါတိတ်ချောင်းသို့ ရောက်ရှိရာ ပြည်နယ်အင်ဂျင်နီယာမှူးကြီးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဒေသ ကြီးကြပ်ရေးမှူးတို့က ပူတာအို-မန်စေခွန်-ဇီယာဒမ်းလမ်းသစ်နှင့် ပူတာအို-ဆန်ဂေါင်-ဇီယာဒမ်း လမ်းဟောင်းအခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ လမ်းသစ်ကို ပွင့်လင်းရာသီအမီ ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် ဖုန်ကန်ရာဇီအထိ ရောက်ရှိအောင် ဖောက်လုပ်သွားရန် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် အထက်ဆန်ဂေါင်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် ပါတိတ်ချောင်းမှ ရေအရင်းအမြစ်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ကာ ကျေးရွာမီးလင်းရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး အောက်ဆန်ဂေါင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ရပ်မိ ရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် မုံငူရ် ကျေးရွာသို့ ရောက်ရှိပြီး အခြေခံပညာမူလတန်းကျောင်း၌ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ပူတာအိုမြို့နယ် ဒါဂူရီဇားကျေးရွာနှင့် နမ့်ဘောင်ကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်ထားသည့် အရှည်ပေ ၂၅၀ ရှိ ဒါဂူရီဇား ဂျစ်ကားကူးကြိုးတံတားသို့ ရောက်ရှိပြီး ကြိုးတံတား၏ ကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တံတား ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

ယင်းနောက် ဒါဂူရီဇား ကျေးရွာနှင့် မန်စေကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်ထားသည့် မန်စေဂျစ်ကားကူးကြိုးတံတားသို့ ရောက်ရှိပြီး ကြိုးတံတား ကြံ့ခိုင်မှုအခြေအနေနှင့် ချောင်းရေစီးဆင်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် ပူတာအိုမြို့နယ် ဟိုခိုရပ်ကွက်ရှိ ဒေါ်အိုက်ရန်၏နေအိမ်၌ နမ့်ခမ်းတီချောင်းမှ တစ်ဆင့် ရေလွှဲမြောင်းမှ ရေကို အသုံးပြု၍ ရေအားလျှပ်စစ်ထုတ်လုပ်ပြီး ရပ်ကွက်မီးလင်းရေး ဆောင်ရွက်ထားမှု၊ ရေအားလျှပ်စစ်ဖြင့် စပါးကြိတ်စက်နှင့် ဆီကြိတ်စက်များ အသုံးပြုမှုနှင့် ဝက်မွေးမြူထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် ပန်းလိုင်ရပ်ကွက်နှင့် ဟိုခိုရပ်ကွက်တို့ကို ဆက်သွယ် တည်ဆောက်ထားသည့် လုံးဆွတ်ချောင်းကူးသစ်သားတံတား ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ် ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဘရူနိုင်းနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ၏ (၂၅)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြား ရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မင်းသား ဟာဂျီ မိုဟာမက် ဘိုလ်ကီးယားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ သည်။

(သတင်းစဉ်)

❍ ဒစ္စကာဗာရီမှ

ဒစ္စကာဗာရီ လွန်းပြန်ယာဉ်ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် လွှတ်တင်ရန် အစီအစဉ် ဆွဲထားခဲ့ပြီးဖြစ်သည်။ ယင်းခရီးစဉ်ကို အန္တရာယ်ကင်းစင်ရေး ရှုထောင့်မှ ကြည့်ရှု၍ သုံးကြိမ်တိုင်တိုင် ရွှေ့ဆိုင်းခဲ့သည်။

အာကာသလွန်းပြန်ယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ဝင်ရောက်နေချိန် ၈ မိနစ် စက္ကန့် ၃၀ အတွင်း ယာဉ်၏ နောက်ပိုင်းအင်ဂျင်ခန်းမှ အဆို့ရှင်ငယ် သုံးခုသည် ပြင်ပလောင်စာဆီလှောင်ကန်ကို ကောင်းမွန်စွာ ဖိအားပေးနေရန် လိုအပ်သည်။ ဒစ္စကာဗာရီ လွှတ်တင်ရေးအား ရွှေ့ဆိုင်းရခြင်းသည် ဤအချက်နှင့် သက်ဆိုင်သည်။

နိုဝင်ဘာလအတွင်းက နောက်ဆုံးလွှတ်တင်ခဲ့သော အာကာသယာဉ်ခရီးစဉ်အတွင်း အဆို့ရှင်၏ သေးငယ်သော အစတစ်ခုကွဲအက်ခဲ့သည်။ အာကာသယာဉ်နှင့် ယာဉ်မှူးများအား အန္တရာယ်မဖြစ်စေခဲ့သော်လည်း အလားတူဖြစ်ရပ်မျိုး ပြန်လည်မပေါ်ပေါက်စေရန် နာဆာက အလိုရှိနေသည်။

ဒစ္စကာဗာရီ လွှတ်တင်မည့်ရက်ကို မူလက ဖေဖော်ဝါရီ ၁၂ ရက်ဟု သတ်မှတ်ထားရာမှ ဖေဖော်ဝါရီ ၁၉ ရက်သို့ပြောင်းရွှေ့ခဲ့သည်။ နောက်ထပ် ဖေဖော်ဝါရီ ၂၂ ရက်ဟု ထပ်မံရွှေ့ဆိုင်းခဲ့သည်။ ယခု ဖေဖော်ဝါရီ ၂၇ရက်ဟု ပြင်ဆင်သတ်မှတ်ထားခဲ့သည်။

အင်တာနက်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၂-၂၀၀၉ (တနင်္လာနေ့)

၁၃၇၀ပြည့်နှစ် တပို့တွဲလကွယ်နေ့(ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၅။ အတီးပြိုင်ပွဲ
- ၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၁၅ ၇။ **"စက်မှုဇုန်မှာကျွန်မစက်ရုံလာတည်တော့မယ်" (ဖြိုးငွေစိုး၊ မိုးဒီ၊ သဇင်၊နှင်းဆီ၊ခင်မို့မို့အေး) [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]**
- ၈း၂၀ ၈။ သူငွေးရေလှောင်တမံ
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေးစစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၄း၂၅ ၄။ အကပဒေသာ
- ၄း၃၅ ၅။ မြန်မာစာ၊ မြန်မာစကား
- ၄း၅၀ ၆။ တေးဂီတအစီအစဉ်(မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၅း၀၀ ၇။ ၂၀၀၉ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာသင်ခန်းစာ - (အင်္ဂလိပ်စာဘာသာရပ်) (အပိုင်း-က)
- ၅း၂၅ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၃၀ ၉။ **"တစ်လောကလုံးလင်းပါစေ" (ပြေတီဦး၊ မိုးပြည့်ပြည့်မောင်၊ မေသဥ္ဇာဦး၊ ဝါဝါအောင်၊ ဇော်ဖူးပွင့်) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
- ၅း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၁၅ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နွဲ့ဆိုးဆိုးသူကိုယ့်ချစ်သူ" (အပိုင်း-၁၄)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မြတ်နှလုံးသားပိုင်ရှင်" (အပိုင်း-၂၉)**
- ၁၉။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်း တရားတော်
- ၂၀။ အစီအစဉ်ပြီး၏။

အားကစားသတင်း

ဆန်စီရိုမှာ အင်တာမီလန်နှင့် မန်ယူတို့ အားပြိုင်ကြမည့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်(ပ- ကျော့) ပထမနေ့ ရှုံးထွက်ပွဲစဉ်များ

ချန်ပီယံလိဂ် ၁၆သင်း ရှုံးထွက်အဆင့်ကို အင်္ဂလန်ကလပ် လေးသင်း၊ စပိန်ကလပ် လေးသင်း၊ အီတလီကလပ် သုံးသင်း၊ ပေါ်တူဂီကလပ် နှစ်သင်း၊ ဂျာမနီကလပ် တစ်သင်း၊ ပြင်သစ်ကလပ် တစ်သင်းနဲ့ ဂရိကလပ် တစ်သင်းတို့ တက်ရောက်လာခဲ့ကြပါတယ်။ ယခုနှစ် ၁၆ သင်း ရှုံးထွက်အဆင့်မှာ ခြေညီတဲ့ ထိပ်တန်းအသင်းကြီး အချင်းချင်း ဆုံတွေ့တဲ့ပွဲစဉ်တွေ ပါဝင်နေတာကြောင့် ဒီနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲဟာ ယခင်နှစ် ပွဲစဉ်များထက်ပိုပြီး ဆွဲဆောင်မှုရှိတယ်လို့ ဆိုရမှာပါ။

ဖေဖော်ဝါရီ ၂၅ (ဗုဒ္ဓဟူးနေ့)

နံနက် ၂း၁၅ နာရီ

အက်သလက်တီကို - ပေါ်တို

စပိန်ကလပ် အက်သလက်တီကိုဟာ ချန်ပီယံလိဂ် အတွေ့အကြုံနည်းတယ်ဆိုပေမယ့် လက်ရှိအချိန် လာလီဂါမှာ ရလဒ် အတော်အသင့်ကောင်းနေပြီး အဆင့် (၆)မှာ ရပ်တည်နေပါတယ်။ ဧည့်သည်ပေါ်တိုကတော့ ချန်ပီယံလိဂ် အတွေ့အကြုံများပြီး အုပ်စုအဆင့်မှာ အာဆင်နယ်ကိုကျော်ကာ အုပ်စုဗိုလ်နဲ့ တက်လာတဲ့အသင်းပါ။ ဒါပေမယ့် ပေါ်တိုရဲ့အဝေးကွင်းရလဒ်က မစ္စံလှပါဘူး။ ထိပ်တိုက်တွေ့ဆုံမှု နှစ်ကြိမ်မှာ အက်သလက်တီကိုက တစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားပါတယ်။ အက်သလက်တီကို နောက်ခံလူ လူးဝစ္စပီရီး ပွဲပယ်ခံထားရပေမယ့် ကယ်လ်ဒါရွန်မှာ အိမ်ရှင်ပရိသတ်ရဲ့ အလိုကျဖြစ်သွားမှာပါ။

လိုင်ယွန် - ဘာစီလိုနာ

နှစ်သင်းလုံး ချန်ပီယံလိဂ် အတွေ့အကြုံများတာကြောင့် ပြိုင်ဆိုင်မှုက ပြင်းထန်လာဦးမှာပါ။ ဒီနှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု လေးကြိမ်မှာ ဘာစီလိုနာက သုံးပွဲနိုင်၊ တစ်ပွဲသရေ ကျထားပါတယ်။ လိုင်ယွန်ဟာ အုပ်စုအဆင့်မှာ ခြေစွမ်းပြတတ်ပေမယ့် ဒီအဆင့်ရောက်လာရင် ခြေပျက်လေ့ရှိတာကို သတိပြုရပါမယ်။ လိုင်ယွန်အိမ်ကွင်းအားသာချက်ရှိပေမယ့် ဧည့်သည်ဘာစီလိုနာတို့ သရေထိန်း ကစားနိုင်စွမ်းရှိနေပါတယ်။

အာဆင်နယ်- ရိုးမား

နှစ်သင်းလုံး ပြည်တွင်းပြိုင်ပွဲတွေမှာ ရုန်းကန်နေရပြီး ရလဒ်မကောင်းလှပါဘူး။ ထိပ်တိုက်တွေ့ဆုံမှု နှစ်ကြိမ်မှာ အာဆင်နယ်က တစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားပါတယ်။ ဒီနှစ်သင်းရဲ့ ခြေစွမ်းဟာ ကွာဟမှုသိပ်မရှိပေမယ့် အိမ်ကွင်းအားသာချက်နဲ့အတူ လျင်မြန်မှုရှိတဲ့ အာဆင်နယ်လူငယ်တွေကိုပဲ ယုံကြည်ကြည့်ချင်ပါတယ်။

အင်တာမီလန် - မန်ယူ

ထိပ်တိုက်တွေ့ဆုံမှု နှစ်ကြိမ်မှာ မန်ယူက တစ်ပွဲနိုင် တစ်ပွဲသရေကျထားပါတယ်။ နှစ်သင်းလုံးဟာ ပြည်တွင်းပြိုင်ပွဲတွေမှာ ရလဒ်ကောင်းပြီး ဇယားထိပ်မှာ အသီးသီး ဦးဆောင်နေတဲ့အသင်းတွေပါ။ မော်ရင်ဟိုနဲ့ဖာဂူဆန်ဟာ ပရီမီယာလိဂ်မှာ ဆုံတွေ့ခဲ့ဖူးတဲ့ ပြိုင်ဘက်ဟောင်းတွေ ဖြစ်လာတာကြောင့် တစ်ယောက်အကြောင်းကိုတစ်ယောက် ကောင်းကောင်းသိနေကြမှာပါ။ အင်တာမီလန်မှာ လူစုံပါဝင်နိုင်မှာ ဖြစ်ပေမယ့် မန်ယူမှာ နောက်ခံလူဗီဒစ် ပွဲပယ်ခံထားရတာကမန်ယူအတွက် ထိုးနှက်ချက်ဖြစ်နေပါတယ်။ မော်ရင်ဟိုဟာ ဆန်စီရိုမှာ ကစားရတုန်း အိမ်ရှင်အားနဲ့ မန်ယူအပေါ်မှာ အသာစီးရယူဖို့ ကြိုးစားလာမှာပါ။ ဒီပွဲမှာ ဖာဂူဆန်ရဲ့ ဗျူဟာထက် မော်ရင်ဟိုရဲ့ အနိုင်ရလိုစိတ်ပြင်းပြမှုကို ပိုကြိုက်ပါတယ်။

ဝင်းတင်(ကြေးမုံ)

ချန်ပီယံလိဂ်ဂိုးအများဆုံး သွင်းထားသူများ

မက်ဆီ(ဘာစီလိုနာ)	၅ ဂိုး
ဂျရတ်(လီဗာပူး)	၅ ဂိုး
ကလိုဆေး(ဘိုင်ယန်မြူးနစ်)	၅ ဂိုး
ဘန်ဇီမာ(လိုင်ယွန်)	၅ ဂိုး

အာဖဂန်တွင် နိုင်ငံစုံ တပ်ဖွဲ့ဝင် သုံးဦးသေဆုံး

ကဘူး ဖေဖော်ဝါရီ ၂၂

အာဖဂန်တောင်ပိုင်းတွင် အမေရိကန်ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် သုံးဦးသေဆုံးသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

၎င်းတို့သည် ဥရုဇဂန်ပြည်နယ်တွင် ဖေဖော်ဝါရီ ၂၀ ရက်က ကင်းလှည့်နေစဉ် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ၎င်းတို့၏ နိုင်ငံနှင့် ရာထူးတို့ကို ထုတ်ပြန်ကြေညာခြင်းမရှိပေ။

အင်တာနက်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် အသေခံကားဗုံးဖြင့် တိုက်ခိုက်ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရန်က ယူရေနီယံသန့်စင်ရေး အစီအစဉ်ကို ဖြည်းဖြည်းလုပ်ဆောင်နေဟုဆို

ဗီယင်နာ ဖေဖော်ဝါရီ ၂၂

အီရန်နိုင်ငံအနေဖြင့် ၎င်း၏ယူရေနီယံသန့်စင်ရေး စီမံကိန်းကို တဖြည်းဖြည်းအချိန်ယူကာ ဆောင်ရွက်လျက်ရှိသည်ဟု နိုင်ငံတကာစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) မှ ညွှန်ကြားရေးမှူးချုပ် မိုဟာမက် အယ်ဘာရာဒီက ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောကြားသည်။ အီရန်၏ နျူပြဿနာနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် တင်ပြဆွေးနွေးရန် အဆိုပြုနေချိန်တွင် ယခုကဲ့သို့ ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

ဆွေးနွေး

လွန်ခဲ့သော ဒီဇင်ဘာလက အီရန်နိုင်ငံ၏ နန်တက်(ဇ်) ယူရေနီယံသန့်စင်ရေးဌာနတွင် အဆင့်နိမ့်သန့်စင်သော ယူရေနီယံကို ထုတ်လုပ်နိုင်သော ဓာတ်ငွေ့စက်ဒလက် ၁၆၄ ခုတည်းကိုသာ တပ်ဆင်ပြီးခဲ့ကြောင်း သတင်းဌာနများက ဖော်ပြသည်။ ကုလသမဂ္ဂလုံခြုံရေး ကောင်စီက အီရန်နိုင်ငံအား နိုင်ငံတကာဥပဒေအရ အရေးယူဆောင်ရွက်ရန် စီစဉ်ထားသော်လည်း ယူရေနီယံသန့်စင်ခြင်းကို ရပ်တန့်ရန်အတွက် ကုလသမဂ္ဂ၏ဥပဒေအတည်ပြုချက်ကို အပြည့်အဝ လိုက်နာရန် အီရန်နိုင်ငံက ငြင်းဆိုထားသည်။

အင်တာနက်။

ဗြိတိသျှစုံတွဲကို ကိုကင်း ၅၂ပေါင်နှင့် အတူ ဗင်နီဇွဲလားရဲတပ်ဖွဲ့က ဖမ်းဆီး

ကာရာကတ် ဖေဖော်ဝါရီ ၂၂

ဗြိတိသျှလူမျိုးနှစ်ဦးကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ဗင်နီဇွဲလားရဲတပ်ဖွဲ့က မူးယစ်ဆေးဝါးမှုဖြင့် မသင်္ကာသဖြင့် ဖမ်းဆီးခဲ့ပြီး ၎င်းတို့နှင့်အတူ ပါလာသည့် ကလေးငယ်လေးဦးကို အစိုးရစောင့်ရှောက်ရေးဂေဟာတွင် ထိန်းသိမ်းစောင့်ရှောက်ထားသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

၎င်းတို့ကို မာဂါရီတာကျွန်းရှိ လေဆိပ်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ ခရီးဆောင်အိတ်သုံးခုအတွင်း၌ ကိုကင်း ၅၂ ပေါင်ကို တရားမဝင်သယ်ဆောင်လာခဲ့သည်ဟု သိရသည်။

အင်တာနက်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် မီးလောင်ပျက်စီးနေသည့် ယာဉ်အား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် နေတိုးထောက်ပံ့ရေးယာဉ်တိုက်ခိုက်ခံရ

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၂

အာဖဂန်ရှိ နေတိုးတပ်ဖွဲ့ထံ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးနေသော ထောက်ပံ့ရေးမော်တော်ယာဉ်တစ်စီး ပါကစ္စတန် အနောက်မြောက်ပိုင်းတွင် တိုက်ခိုက်ခံရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖြစ်ပွားမှုနှင့် စပ်လျဉ်းသည့် အသေးစိတ်ကိုမူထုတ်ပြန်ကြေညာခြင်းမရှိပေ။ အာဖဂန်ရှိ နေတိုးနှင့် အမေရိကန်တပ်ဖွဲ့များထံ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးရာတွင် ၇၅ ရာခိုင်နှုန်းခန့်ကို ပါကစ္စတန်မှ ဖြတ်၍သယ်ဆောင်ပေးလျက်ရှိပြီး လွန်ခဲ့သည့်လများအတွင်း၌ ထောက်ပံ့ရေးယာဉ်တန်းများ တိုက်ခိုက်ခံရမှု ပိုမိုတိုးတက်လာခဲ့သည်။

အင်တာနက်။

ပိုလန်တွင် ကန် ပက်ထရီယော့ဒုံးချထားမည်

ကရာကော(ပိုလန်) ဖေဖော်ဝါရီ ၂၂

ပိုလန်နိုင်ငံတွင် ဒုံးလက်နက် ကာကွယ်ရေးစီမံကိန်းအား ပြန်လည်စိစစ်သုံးသပ်ရန် အမေရိကန်ပြည်ထောင်စုအနေဖြင့် အချိန်ပိုမိုယူနေလင့်ကစားပက်ထရီယော့ဒုံးပျံများချထားမည့် အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပိုလန် ကာကွယ်ရေး ဝန်ကြီးဘော့ဒန်ကလစ်ချ်က သောကြာနေ့တွင် ပြောကြားသည်။

ဘုရှ်အစိုးရက ရေးဆွဲသွားသော ဒုံးကျည်ကာကွယ်ရေးအစီအစဉ်မှ ရလဒ်များကို အမေရိကန်တို့က တွက်ချက်နေစဉ် ပိုလန်နိုင်ငံက စိတ်ရှည်စွာသည်းခံစောင့်ဆိုင်း နေရမည်ဖြစ်သည်။ သို့သော် ပက်ထရီယော့ဒုံးကျည်ချထားမည့် အစီအစဉ်ကိုမူ ဖျက်သိမ်းမည်မဟုတ်ကြောင်း နေတိုးကာကွယ်ရေး ဝန်ကြီးများနှင့် တွေ့ဆုံအပြီးကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ကလစ်ချ်က ပြောကြားခဲ့သည်။ ပိုလန်နိုင်ငံတွင် ကမ္ဘာ့ဒုံးလက်နက်ဒိုင်းအစီအစဉ်၏ အစိတ်အပိုင်းများ ချထားရေးကို လွန်ခဲ့သော ဩဂုတ်လအတွင်းက ပိုလန်နှင့်အမေရိကန် ညှိနှိုင်းရေးသမားများက သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုစာချုပ်အရ ပိုလန်နိုင်ငံ၏ လုံခြုံရေးကို အာမခံချက်ပေးရန်နှင့် နှစ်နိုင်ငံစစ်ရေး ပူးပေါင်းဆောင်ရွက်ရန် ပက်ထရီယော့ဒုံးပျံများ ချထားရေးကို အမေရိကန်ပြည်ထောင်စုက သဘောတူခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်တွင် လမ်းဘေးဗုံးပေါက် တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ကဘူး ဖေဖော်ဝါရီ ၂၂

အာဖဂန်ရှိ ခို့စ်ပြည်နယ် အရှေ့ပိုင်းတွင် အာဖဂန်အမျိုးသား တပ်ဖွဲ့ယာဉ်တန်းသည် လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခံရသဖြင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အခြားလေးဦး ဒဏ်ရာရရှိသည်ဟု တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆာဘာရီဒေသ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ တိုက်ခိုက်မှုသည် တာလီဘန်တို့၏ လက်ချက်ဖြစ်သည်ဟု ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲက အခိုင်အမာ ပြောကြားသည်။

အင်တာနက်။

ဇင်ဘာဘွေ၌ကာလဝမ်းရောဂါဖြစ်ပွားသူ ၈ဝဝဝဝ ကျော်ရှိပြီ

ဇင်ဘာဘွေနိုင်ငံတွင် ကာလဝမ်းရောဂါဖြစ်ပွားသူ အရေအတွက်မှာ သေဆုံးသူ ၃၇၅၉ ဦး အပါအဝင် ၈၀၂၅၀ ဦးထိ ရောက်ရှိလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က သောကြာနေ့တွင် ပြောကြားသည်။

လွန်ခဲ့သော ဩဂုတ်လကတည်းက ရောဂါကူးစက်ပြန့်ပွားနေပြီး လောလောဆယ်ရောဂါကူးစက်မှုကြောင့် အသေအပျောက်နှုန်းမှာ ၄ ဒသမ ၇ ရာခိုင်နှုန်းထိ မြင့်တက်နေဆဲဖြစ်ကြောင်း၊ ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ခြင်း မရှိသေးကြောင်း၊ ဇင်ဘာဘွေနိုင်ငံ၏ ပြည်နယ် ၁၀ ခုစလုံးတွင် ရောဂါကူးစက်ပြန့်ပွားမှုနှင့်ကြုံတွေ့နေရကြောင်း ယင်းအဖွဲ့က ပြောကြားသည်။

ဇင်ဘာဘွေနိုင်ငံ ဟာရာရီဒေသရှိ ဘူဒီရီရီဆေးရုံ၌ ကာလဝမ်းရောဂါ ဖြစ်ပွားနေသော လူနာများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စုစည်းရေးသားသူ-စိုးစိုးနိုင်

နိုင်ငံတကာ သတင်းမှတ်စု

ဘရာဇီးလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီအလုပ်သမားလျှော့ချမည်

ဘရာဇီးလေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီအမ်ဘာရာသည် ကမ္ဘာ့စီးပွားရေးကျဆင်းနေမှုကြောင့် အလုပ်သမား ၄၀၀၀ ကျော် လျှော့ချမည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရာခိုင်နှုန်း ၇၀ လျော့ကျ

ကမ္ဘာ့အကြီးဆုံးခရီးသည်တင်လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများတွင် တစ်ခုအပါအဝင်ဖြစ်သည့် အဆိုပါ ကုမ္ပဏီသည် လေယာဉ်အမှာစာများ ကျဆင်းလာခြင်းနှင့် စီးပွားရေးအခြေအနေ မြန်ဆန်စွာ ပြန်လည်ကောင်းမွန်လာမည့် အလားအလာ မတွေ့ရှိရသဖြင့် ယခုကဲ့သို့ လျှော့ချရခြင်းဖြစ်သည်ဟုဆိုသည်။ အဆိုပါ ကုမ္ပဏီသည် ဘရာဇီး၊ အာရှ၊ အမေရိကန်နှင့် ဥရောပတို့ရှိ အလုပ်ရုံများမှ အလုပ်သမား ရာခိုင်နှုန်း ၂၀ ကိုလျှော့ချသွားမည်ဖြစ်သည်။ ယင်း၏ အဓိကဈေးကွက်မှာ အမေရိကန် ဖြစ်ပြီး ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း၌ အမြတ်ငွေ ရာခိုင်နှုန်း ၇၀ လျော့နည်းကျ ဆင်းခဲ့သည်။

အိန္ဒိယ၌ အသည်းရောင်အသားဝါ ဘီပိုးကြောင့် ၃၂ဦး သေဆုံး

အိန္ဒိယနိုင်ငံ အနောက်ပိုင်းဂူဂျာရတ်ပြည်နယ်တွင် လွန်ခဲ့သော ရက်သတ္တပတ်ကျော်က အသည်းရောင်အသားဝါ-ဘီရောဂါပိုး ကူးစက်မှုကြောင့် ဖေဖော်ဝါရီ ၂၀ ရက်က သေဆုံးသူခုနစ်ဦး အပါအဝင် ၃၂ ဦး ထက်မနည်း သေဆုံးကြောင်း စနေနေ့တွင် ပြည်တွင်းသတင်းများက ဖော်ပြသည်။

ရောဂါကူးစက်ခံရသူ ပိုများလာခြင်းမှာ ရောဂါဖြစ်ပွားသော လူနာများ အသုံးပြုသည့် ဆေးထိုးအပ်များကို ဆရာဝန်များက ပိုးသတ်မထားသော ဆေးထိုးအပ်များကို အသုံးပြုခဲ့သည်ဟု သံသယရှိကြောင်း ပြည်တွင်းရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့သည်။

နီပေါအရှေ့ပိုင်းဒေသ၌ အရေးပေါ်အခြေအနေ ကြေညာ

နီပေါနိုင်ငံအရှေ့ပိုင်း ဂျာပါခရိုင်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ပြန်လည်ဖြစ်ပွားသည်ကို အတည်ပြုခဲ့ပြီးနောက် ယင်းဒေသ ဝန်းကျင်အား အရေးပေါ်အခြေအနေ ဒေသအဖြစ် နီပေါအစိုးရက ကြေညာခဲ့ကြောင်း စနေနေ့ထုတ် ခတ္တမန္ဒူပို့စ်သတင်းစာက ဖော်ပြသည်။

ခတ္တမန္ဒူမြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၃၂၀ ခန့်အကွာရှိ မွေးမြူရေးခြံတစ်ခုမှ နမူနာရွေးချယ်ခဲ့သော ကြက်ခြောက်ကောင်စလုံးကို ခတ္တမန္ဒူ ဓာတ်ခွဲခန်းနှင့် လန်ဒန်မြို့ရှိ ဓာတ်ခွဲခန်းတို့တွင် စမ်းသပ်မှုများအရ H_5N_1 ဗိုင်းရပ်စ်ပိုးရှာဖွေတွေ့ရှိကြောင်း စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဘရာဇီး၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရာခိုင်နှုန်း ၆၀ ကျဆင်း

ဘရာဇီးနိုင်ငံ၌ ဇန်နဝါရီလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံဖြစ်ပြီး လွန်ခဲ့သည့်နှစ် ဇန်နဝါရီလက အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်း ၆၀ ကျဆင်းခဲ့ကြောင်း နိုင်ငံဗဟိုဘဏ်က သောကြာနေ့တွင် ပြောကြားသည်။

သုံးနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကျဆင်းခြင်းသည် ဇန်နဝါရီလ၌ အဆိုးရွားဆုံးဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့်အချိန်၌ နိုင်ငံအတွင်း ယင်းသို့ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အတ္တလန္တိတ်၌ ရွှေများတင်ဆောင်လာသော ချီလီသင်္ဘောနစ်မြုပ်

အတ္တလန္တိတ်တောင်ဘက်ရှိ အာဂျင်တီးနား ရေပြင်၌ မသန့်စင်ရသေးသော ရွှေနှင့် ငွေခုနစ်တန်ခန့် တင်ဆောင်လာသည့် ချီလီငါးဖမ်းသင်္ဘောသည် ဇန်နဝါရီလအတွင်းက မုန်းတိုင်းမိပြီး နစ်မြုပ်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၀ ရက်က အာဂျင်တီးနားတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ပိုလာမစ်သင်္ဘောပေါ်တွင် သင်္ဘောသားခုနစ်ဦးနှင့် ခရီးသည်တစ်ဦးလိုက်ပါလာပြီး အာဂျင်တီးနားစစ်ဘက် ရဟတ်ယာဉ်နှစ်စင်းဖြင့် အားလုံးကို ကယ်တင်နိုင်ခဲ့သည်။ ယင်းသင်္ဘောသည် အမေရိကန်ဒေါ်လာ သန်း ၁၁၀ ခန့် တန်ဖိုးရှိ တွင်းထွက်ပစ္စည်း ကီလိုဂရမ် ၆၉၀၀ တင်ဆောင်ခဲ့ကြောင်း လာနာကွမ်သတင်းစာက ဖော်ပြသည်။

အပြုသဘောရှုမြင် တိုးတက်အောင်မြင်တဲ့ခရီးစဉ်

ကျော်မင်းလူ(ရွှေပြည်သာ)

ဖေဖော်ဝါရီလ ၂၁ ရက်နေ့ထုတ်သတင်းစာမှာ နိုင်ငံသား အကျဉ်းသား ၆၃၁၃ဦးကို ပြစ်ဒဏ်ကျခံနေရခြင်းမှ လွတ်ငြိမ်းသက်သာခွင့်ပေးတဲ့သတင်းကို ဖတ်လိုက်ရပါတယ်။ အင်မတန်မှ မင်္ဂလာရှိပြီး ဝမ်းသာစရာကောင်းတဲ့ သတင်းပါပဲ။ စည်းကမ်းနဲ့ အကျင့်စာရိတ္တကောင်းမွန်လာတဲ့ အကျဉ်းသားတွေကို လူသားချင်း စာနာထောက်ထားမှုနဲ့ သနားချစ်ခင်မှုတို့ကို အလေးထားတဲ့အနေနဲ့လည်းကောင်း၊ သူတို့ရဲ့မိသားစုတွေကို ငဲ့ညှာတဲ့အနေနဲ့ လည်းကောင်း၊ သူတို့ဟာ နိုင်ငံတော်ရဲ့ မေတ္တာနဲ့စေတနာကိုနားလည်ပြီး မိမိအကျိုး၊ ဒေသအကျိုးနဲ့ ၂၀၁၀ပြည့်နှစ်အတွင်းကျင်းပမယ့် ရွေးကောက်ပွဲများမှာလည်း ကျန်တဲ့အများပြည်သူနဲ့အတူ နိုင်ငံတော်အကျိုးကို ထမ်းရွက်သွားနိုင်ကြစေဖို့ အတွက်လည်းကောင်း၊ အကျဉ်းသား၊ အကျဉ်းသူ ၆၃၁၃ ဦးကို ပြစ်ဒဏ်ကျခံနေရခြင်းမှရပ်စဲပြီး လွတ်ငြိမ်းသက်သာခွင့်များ ပေးမှာဖြစ်တယ်လို့ သိရပါတယ်။

နိုင်ငံတော်သစ် တည်ဆောက်ရာမှာ နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ရှေးရှုပြီး နိုင်ငံတော်အစိုးရ အနေနဲ့ တည်ဆဲဥပဒေများ ဖောက်ဖျက်ကျူးလွန်တဲ့သူတွေကို တရားဥပဒေနှင့်အညီ ပြစ်ဒဏ်များ ချမှတ်ခဲ့ရပါတယ်။ ဒါပေမယ့်လည်း ကိုယ့်သားသမီးကို ချစ်လို့ မလွှဲမရှောင်သာ အပြစ်ပေးရတဲ့ မိဘတစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာ မျိုးအပေါ်မှာ အခြေခံပြီး ပြစ်ဒဏ်ကျခံရသူတွေကို နစ်နာစေလိုစိတ် မထားရှိခဲ့တာ အမှန်ပါပဲ။ ဒါကြောင့် ပြစ်ဒဏ်ကျအကျဉ်းသားတွေကို အကျဉ်းကျခံ စိတ်မျိုး ကာလကြာရှည်စွာ မခံစားရစေရန်နဲ့ နိုင်ငံတော်သစ် တည်ဆောက် ရေးမှာ တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေတဲ့ နိုင်ငံသားများအဖြစ် ပြုပြင်ပြောင်းလဲပေးနိုင်ရန် ရည်ရွယ်ပြီး ဒီလိုစနစ်တကျ စီမံဆောင်ရွက်ပေးခဲ့ခြင်းလည်းဖြစ်ပါတယ်။

ဒီသတင်းကိုဖတ်ပြီး ကာယကံရှင် အကျဉ်းသားတွေအနေနဲ့ ဘယ်လောက်များ ဝမ်းမြောက်ပီတိဖြစ်လိုက်ကြရှာမလဲလို့ တွေးရင်း သူတို့ရဲ့ အပျော်တွေ ကိုယ့်ထံကိုကူးစက်လာသလို ခံစားမိပါတယ်။ တစ်ဆက်တည်း မစ္စတာဂမ်ဘာရီရဲ့ မကြာသေးမီက ခရီးစဉ်အတွင်းမှာ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးက"နိုင်ငံတော်အစိုးရဟာ ဥပဒေဖောက်ဖျက်ကျူးလွန်သူများကို သက်ဆိုင်ရာ ဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်နေရသော်လည်း အခြားတစ်ဖက်က သဘောထားကြီးကြီးထားပြီး စိတ်နှလုံးကောင်းနဲ့ယှဉ်ကာ သူတို့ရဲ့ပြစ်ဒဏ်များ လျှော့ပေါ့ရေးကို အမြဲတမ်းစဉ်းစား ဆောင်ရွက်ပေးလျက်ရှိပါတယ်"လို့ ရှင်းလင်းပြောကြားခဲ့တာကို ပြန်ပြီးသတိရမိပါတယ်။ ဆိုခဲ့စေမြဲစေဆိုတဲ့စကားအတိုင်း ယခုအလုပ်နဲ့သက်သေပြလိုက်တာပဲလို့ ရှုမြင်ပြီးအားရကျေနပ်မိတာအမှန်ပါ။

အဲဒီသတင်းစာမှာပဲ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr.Quintana ရဲ့ ခရီးစဉ်သတင်းကိုလည်း ဖတ်လိုက်ရပါတယ်။ Mr.Quintana ဟာ ဖေဖော်ဝါရီ ၁၄ မှ ၁၉ အထိ မြန်မာနိုင်ငံကို လာရောက်ခဲ့ပါတယ်။ သူ့ရဲ့ ဒီတစ်ကြိမ်ခရီးစဉ်ဟာ ဒုတိယအကြိမ်ပါ။ ယခုခရီးစဉ်အတွင်းမှာ Mr. Quintana ရဲ့ လိုလားချက်ကို ဖြည့်ဆည်းပေးတဲ့ အနေနဲ့ ကရင်ပြည်နယ်ကို တစ်ရက်ခွဲကြာခရီးစဉ် စီစဉ်ပေးခဲ့တယ်လို့သိရပါတယ်။ ကရင်ပြည်နယ်ခရီးစဉ်အတွင်း ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ပြီး နိုင်ငံတော်အစိုးရနဲ့အတူ လက်တွဲလို့ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေဆောင်ရွက်နေကြတဲ့ ဦးထိန်မောင်အဖွဲ့၊ ဖဒိုအောင်ဆန်းအဖွဲ့၊ ဒီကေဘီအေအဖွဲ့တို့နဲ့ တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် Mr. Quintana အနေနဲ့ ငြိမ်းချမ်းရေးအဖွဲ့များ ကြိုးပမ်းအကောင်အထည်ဖော်နေတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့လေ့လာနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ဘားအံအကျဉ်းထောင်ကို သွားရောက်ကြည့်ရှုခွင့်ရရှိခဲ့ပြီး အကျဉ်းသားများနဲ့လည်း သီးခြားတွေ့ဆုံမေးမြန်းခွင့်များ ရရှိခဲ့ပါတယ်။

ဖေဖော်ဝါရီ ၁၆ ရက်နေ့ မွန်းလွဲပိုင်းမှာတော့ Mr. Quintana ရဲ့ မေတ္တာရပ်ခံချက်အရ သံအမတ်ကြီးများ အများစုပါဝင်တဲ့ သံတမန် ၃၀ ခန့်နှင့် မြရိပ်ညိုဟိုတယ်မှာ တွေ့ဆုံနိုင်အောင် စီစဉ်ပေးခဲ့တဲ့အပြင် အင်းစိန်အကျဉ်းထောင်ကိုပါ သွားရောက်ခွင့်ပြုခဲ့ပါတယ်။ နောက်တစ်နေ့မှာ မအူပင်အကျဉ်းထောင်ကို သွားရောက်ကြည့်ရှုဖို့ စီစဉ်ထားပေမယ့် Mr. Quintana က သွားရောက်လိုခြင်း မရှိတော့ဘူးလို့ တင်ပြလာတဲ့အတွက် အဲဒီအစီအစဉ်ကိုပယ်ဖျက်ပြီး သူ့ရဲ့တင်ပြချက် ဆန္ဒအတိုင်း အချို့သော သံတမန်များနဲ့ နှစ်ဦးချင်းတွေ့ဆုံနိုင်ရန် အချိန်တိုအတွင်း စီစဉ်ဆောင်ရွက်ပေးခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် Mr. Quintana ဟာ ဩစတြေးလျ၊ စင်ကာပူ၊ ရုရှား၊ အမေရိကန်၊ ထိုင်းနိုင်ငံတို့မှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံ၊ အကြီးတန်းသံတမန်များနှင့် နှစ်ဦးချင်း တွေ့ဆုံနိုင်ခဲ့ပါတယ်။ အဲဒီနောက်မှာလည်း Mr. Quintana က ကုလသမဂ္ဂဌာနေ အဖွဲ့နဲ့ UNDP ရုံးမှာ တွေ့ဆုံလိုကြောင်း တင်ပြခဲ့တဲ့အတွက် နိုင်ငံတော်က အချိန်မီ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။

ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းမှာတော့ Mr. Quintana ဟာ နေပြည်တော်ကိုရောက်ရှိပြီး တရားသူကြီးချုပ်ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ မြန်မာရှေ့နေများကောင်စီမှ ကိုယ်စားလှယ်များနဲ့ တွေ့ဆုံခဲ့ပါတယ်။ တရားသူကြီးချုပ်နဲ့ တွေ့ဆုံစဉ်မှာ Mr. Quintana ကအကျဉ်းကျခံနေရသူတွေရဲ့အခြေအနေနဲ့ မြန်မာနိုင်ငံရဲ့တရားရေးစနစ်တို့ကိုမေးမြန်းခဲ့တဲ့အတွက် တရားသူကြီးချုပ်က မြန်မာ့တရားစီရင်ရေးစနစ်အကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါတယ်။ ရှေ့နေချုပ်နဲ့ တွေ့ဆုံရာမှာလည်း ရှေ့နေချုပ်က မြန်မာနိုင်ငံရဲ့ အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်ဖက်မည့်ဥပဒေများ ပြုပြင်ရေးဆွဲပြီး အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ မွန်းလွဲပိုင်းမှာတော့ Mr. Quintana ဟာနိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးတို့နဲ့ သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒ့ါအပြင် Mr. Quintana က သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးတို့နဲ့လည်း တွေ့ဆုံလိုပါကြောင်း ထပ်မံမေတ္တာရပ်ခံခဲ့တဲ့အတွက် တွေ့ဆုံဆွေးနွေးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။

နောက်တစ်နေ့ ဖေဖော်ဝါရီ ၁၉ရက်နေ့နံနက်ပိုင်းမှာ Mr. Quintana ဟာ ရဲချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ်များ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များနဲ့ တွေ့ဆုံခဲ့ပါတယ်၊ မွန်းလွဲပိုင်းမှာတော့ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဦးဆောင်တဲ့ မြန်မာ့လူ့အခွင့်အရေးအဖွဲ့နဲ့ တွေ့ဆုံပြီး မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးနဲ့ သက်ဆိုင်တဲ့ နှစ်ဖက်အမြင်များကို ဆွေးနွေးဖလှယ်နိုင်ခဲ့ကြပါတယ်။

နေပြည်တော်မှာ နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးတို့နဲ့ တွေ့ဆုံစဉ်အတွင်း Mr.Quintana က ဦးဝင်းတင်နဲ့ တွေ့ဆုံခွင့်ရရှိလိုကြောင်း တင်ပြခဲ့တယ်လို့ဆိုပါတယ်။ ဒါကြောင့် သက်ဆိုင်ရာက တွေ့ဆုံနိုင်ရန် စီစဉ်ပေးပေမယ့်လည်း ဦးဝင်းတင်က လက်ခံတွေ့ဆုံခြင်းမပြုတဲ့အတွက်တွေ့ဆုံနိုင်ခြင်းမရှိခဲ့ပါဘူး။ ဦးဝင်းတင်ကိုယ်တိုင်ရေးသားထားတဲ့ လက်ရေးစာကိုသာ တာဝန်ရှိသူများက Mr.Quintana ထံ ပေးအပ်ခဲ့တယ်လို့ သိရပါတယ်။

Mr.Quintana ဟာ ခရီးစဉ်အပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်က မထွက်ခွာမီ သတင်းစာရှင်းလင်းပွဲတစ်ခု ပြုလုပ်ခဲ့ပါသေးတယ်။ အဲဒီသတင်းစာရှင်းလင်းပွဲမှာ Mr.Quintana က မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးအတွက် စိန်ခေါ်မှုများရှိနေသေးကြောင်း တွေ့ရှိရသော်လည်းအစိုးရဆောင်ရွက်ချက်များဟာအပြုသဘောဆောင်ပါကြောင်း မှတ်ချက်ပြုသွားခဲ့တယ်လို့ဆိုပါတယ်။ ဒ့ါအပြင် လေဆိပ်မှာ သံတမန်များနဲ့ နောက်ထပ်တစ်ကြိမ်တွေ့ဆုံခွင့်ရရှိရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။

Mr.Quintana ရဲ့ ခရီးစဉ်အကျဉ်းချုပ်သတင်းကို ဖတ်ရှုရင်း နိုင်ငံတော်အပိုင်းက အစစအရာရာ အဆင်ပြေချောမွေ့အောင် လိုက်လျောပံ့ပိုးစီစဉ်ဆောင်ရွက်ပေးမှုများကို သုံးသပ်တွေ့ရှိမိပါတယ်။ ဆန့်ကျင်ဘက် မီဒီယာတွေက ဒီခရီးစဉ်ကနေ ဘာမှ ရလဒ်တိတိကျကျ ထွက်ပေါ်လာတာမျိုး မရှိဘူး၊ Mr.Quintana ရဲ့ ရည်မှန်းချက်တွေ အပြည့်အဝ အထမြောက်တဲ့ခရီးစဉ်တစ်ခုအဖြစ် မရှုမြင်နိုင်ဘူးစသဖြင့် အဖျက်သဘော ဝေဖန်ပြစ်တင်မှုတွေ လုပ်နေကြပါတယ်။ သူတို့အနေနဲ့ ဒီလိုခရီးစဉ်တွေကို နိုင်ငံရေးကစားကွက်တစ်ခုလို သဘောထားပြီး လျှာအရိုးမရှိတိုင်း လိုရာဆွဲပြောလေ့ရှိကြတာ အစဉ်အလာဖြစ်နေပါပြီ။ NLD ပြောခွင့်ရပုဂ္ဂိုလ်ကဆိုရင် "ဒီညနေအထိ ဘာမှ မထူးဘူး၊ တွေ့ဆုံမှုလည်း မရှိဘူး၊ ဆက်သွယ်မှုလည်းမရှိဘူး။ ဒီခရီးစဉ်ကတော့ Mr.Quintana အနေနဲ့ သူဆောင်ရွက်ချင်တဲ့၊ သူစုံစမ်းချင်၊ တွေ့ဆုံချင်တဲ့ဟာတွေကိုအပြည့်အဝတွေ့ဆုံခွင့်မရသွားတဲ့သဘော၊ကျွန်တော်တို့ဒါကတော့ ပေါ်ပေါ်လွင်လွင်ရှိနေတယ်" ဆိုပြီးတော့ ပြောသွားပါတယ်။ ပြောပုံအရဆိုရင် သူတို့ Mr.Quintana နဲ့တွေ့ချင်လွန်းလို့ အိမ်မှာအလှအပတွေပြင်ပြီး အခေါ်စောင့်နေတဲ့ပုံပါပဲ။ ဒါပေမယ့် တကယ်တမ်း Mr.Quintana က ဦးဝင်းတင်နဲ့ တွေ့ချင်လို့လာပြီး ဆက်သွယ်တော့လည်း အမူလွန်ပြီး အတွေ့မခံခဲ့ဘူး မဟုတ်လား။ ဘာပဲဖြစ်ဖြစ် ကိုယ့်အဖွဲ့အစည်းနဲ့ တွေ့ခွင့်မရလိုက်လို့ ဒီခရီးစဉ် မအောင်မြင်ဘူးလို့ တစ်ဖက်သတ်ပြောဆိုနေတာကတော့ တရားနည်းလမ်း မကျလှဘူး ထင်ပါတယ်။

ပြောရရင် ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ပြီး တက်ကြွတဲ့နိုင်ငံခြားရေး မူဝါဒကို ကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေ၊ ကမ္ဘာ့နိုင်ငံတွေ အားလုံးနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နဲ့အညီ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်နေတဲ့ ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒ့ါအပြင်ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ ကမ္ဘာ့ကုလသမဂ္ဂနဲ့ အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ရေးဟာလည်း ကျွန်တော်တို့နိုင်ငံ နိုင်ငံခြားရေးမူဝါဒရဲ့ အဓိကမူဝါဒဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံဟာ ကုလသမဂ္ဂနဲ့ တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့တဲ့ သမိုင်းအစဉ်အလာကောင်းကိုပိုင်ဆိုင်ခဲ့တာ အားလုံးအသိပါ။ လက်ရှိပစ္စုပ္ပန်မှာလည်း အလေးထား ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အနာဂတ်မှာလည်း တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားမှာပဲဖြစ်ပါတယ်။

အလားတူ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အကျိုးဆောင်မှုအခန်းကဏ္ဍကိုလည်း အလေးအနက်တန်ဖိုးထားလေးစားပါတယ်။ ဒါကြောင့် သူ့ရဲ့အထူးကိုယ်စားလှယ်ဖြစ်တဲ့ မစ္စတာဂမ်ဘာရီရဲ့ခရီးစဉ်တိုင်းမှာ အလေးထားပူးပေါင်းဆောင်ရွက်ပေးခဲ့သလို ယခု မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr.Quintana ရဲ့ ခရီးစဉ်မှာလည်း အလေးထား ပူးပေါင်းဆောင်ရွက်မှုကို အထင်အရှားပြသနေခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ Mr.Quintana ရဲ့ လိုလားချက်အတိုင်း တာဝန် ရှိသူများ၊ သံတမန်များ၊ ကုလသမဂ္ဂဌာနေအဖွဲ့၊ ငြိမ်းချမ်းရေးအဖွဲ့များ၊ NGO များနဲ့ တွေ့ဆုံခွင့်ပြုခဲ့တဲ့အပြင် ကရင်ပြည်နယ်နဲ့ အကျဉ်းထောင်များကို သွားရောက်ခွင့်ပြုရန် တင်ပြချက်များကိုလည်း အချိန်နှင့် အခြေအနေပေးမှု အပေါ်မူတည်ပြီး ဖြစ်မြောက်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလို နိုင်ငံတော်အစိုးရဘက်က Mr. Quintana နဲ့ လိုလိုလားလား ပူးပေါင်း ဆောင်ရွက်ခဲ့ခြင်းဟာ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးအတွက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီနဲ့ အလေးထားပူးပေါင်း ဆောင်ရွက်လျက် ရှိတယ်ဆိုတာကို ထင်ရှားစွာ ပြသလိုက်ခြင်းပဲ ဖြစ်ပါတယ်။

လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ ခန့်အပ်ထားရှိခြင်းဟာ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေး အခြေအနေတွေ တိုးတက်အောင် လုပ်ဆောင်နိုင်ရေးအတွက် လိုအပ်တာတွေကို အကြံပြုကူညီဖို့ ဖြစ်ပါတယ်။ ဒါကိုပဲ ဆန့်ကျင်ဘက်မီဒီယာတွေက "၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ မတိုင်ခင် ပြည်တွင်းဥပဒေတွေကို နိုင်ငံတကာလူ့အခွင့်အရေးစံတွေနဲ့ကိုက်ညီအောင်ပြင်ဆင်ဖို့၊ ယုံကြည်မှုကြောင့် အကျဉ်းကျခံနေရသူတွေကို လွှတ်ပေးဖို့၊ တရားစီရင်ရေးမှာလည်း လွတ်လပ်မှုရှိစေဖို့ စတာတွေအပါ အဝင် လူ့အခွင့်အရေး အခြေအနေ တိုးတက်ဖို့ကိစ္စတွေမှာ ကုလသမဂ္ဂက တိုက်တွန်းထားတဲ့အတိုင်း မြန်မာအာဏာပိုင်တွေဘက်က ဘယ်လောက်အထိ ဆောင်ရွက်ပြီးပြီလဲဆိုတာကို စုံစမ်းမယ့်ကိစ္စတွေ ပါဝင်ဖွယ်ရာ ရှိပါတယ်"လို့ နှပ်ကြောင်းပေးပြီး သာသာထိုးထိုး ထုတ်လွှင့်သွားခဲ့ပါတယ်။ သို့သော် ကုလသမဂ္ဂအနေနဲ့အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံရဲ့အရေးကိစ္စမှာ ပါဝင်ကူညီဆောင်ရွက်တဲ့ အခါတိုင်း သက်ဆိုင်ရာနိုင်ငံရဲ့ အချုပ်အခြာအာဏာ စီရင်ပိုင်ခွင့်နယ်ပယ်အတွင်း ကျရောက်တဲ့ကိစ္စများကို ဝင်မစွက်မိအောင် တာဝန်နဲ့ လုပ်ပိုင်ခွင့်များ ချမှတ်ပေးထားပြီး ဖြစ်ပါတယ်။ ယခု Mr.Quintana အနေနဲ့လည်း မိမိကို ပေးအပ်ထားတဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်ဘောင်အတွင်းကနေ အသင့်လျော်ဆုံးရလဒ်ကောင်းတွေ ပေါ်ထွက်လာအောင် သံကောင်း၊ တမန်ကောင်း ပီသစွာ ဆောင်ရွက်ခဲ့တယ်လို့ဆိုနိုင်ပါတယ်။ ဒီအချက်ကို သတင်းစာရှင်းလင်းပွဲမှာ သူပြောသွားတဲ့ စကားတွေက သက်သေခံနေပါတယ်။

Mr. Quintana က"လူ့အခွင့်အရေးဆိုင်ရာ တိုးတက်မှုများ ဖြစ်ပေါ်စေရေးအတွက် မြန်မာအစိုးရအဖွဲ့ထံ မိမိက အကြံပြုရာတွင် အပြုသဘောဆောင်သည့် တုံ့ပြန်မှုများရရှိခဲ့ကြောင်း၊ နေပြည်တော်၌ တရားသူကြီးချုပ်နှင့် တွေ့ဆုံခဲ့ရာတွင် လွတ်လပ်သော တရားစီရင်ရေးစနစ် တိုးတက်ဖြစ်ပေါ်ရေးဆိုင်ရာ မိမိ၏အကြံပြုချက်များနှင့် ပတ်သက်၍ ဆွေးနွေးခွင့် ရရှိခဲ့ကြောင်း၊ ရှေ့နေချုပ်နှင့်ဆွေးနွေးရာတွင်လည်း ၂၀၁၀ ရွေးကောက်ပွဲကိစ္စ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းတဲ့ကိစ္စ၊ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေတို့နဲ့ပတ်သက်ပြီး မိမိတို့ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း၊ ပြည်ထဲရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့ရာတွင် မိမိ၏ လူ့အခွင့်အရေးဆိုင်ရာ အကြံပြုချက်များနှင့်ပတ်သက်၍ အလေးထားမည်ဟု ၎င်းက တုံ့ပြန်ပြောဆိုခဲ့ကြောင်း" စသဖြင့် အခြေအနေမှန်များကို ပွင့်ပွင့်လင်းလင်း မခြွင်းမချန် ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

ဒ့ါအပြင် သတင်းစာရှင်းလင်းပွဲမှာ သတင်းထောက်များရဲ့ မေးမြန်းမှုများနဲ့ပတ်သက်ပြီး ဦးဝင်းတင်က မိမိအား မည်သည့်အတွက်ကြောင့် တွေ့ဆုံနိုင်ခြင်းမရှိသည်ကို မသိရှိပါကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များအပေါ်တွင် မိမိ၏အကြံပြုချက်များနှင့် ပတ်သက်ပြီး တရားသူကြီးချုပ်က အပြုသဘောတုံ့ပြန်သည်မှာ ယခုခရီးစဉ်၏ တိုးတက်မှုပင် ဖြစ်ပါကြောင်း စသဖြင့် ပြောကြားသွားပါတယ်။ မြန်မာအစိုးရဘက်ကအပြုသဘောတုံ့ပြန်မှုတွေရှိခဲ့လို့ ဒီခရီးစဉ်ဟာ တိုးတက်မှုရှိတယ်လို့ သတင်းစာရှင်းလင်းပွဲမှာ အတိအလင်းပြောကြားလိုက်ခြင်းဖြစ်ပါတယ်။ ဒါကိုပဲ ဆန့်ကျင်ဘက်မီဒီယာတွေကတော့ ဘယ်သူဘယ်ဝါနဲ့ တွေ့ခွင့်မရလို့၊ ဘယ်အဖွဲ့နဲ့ တွေ့ခွင့်မရလို့၊ ဒီခရီးစဉ်ဟာ မူလရည်မှန်းချက်တွေ အပြည့်အဝ အထမြောက်တယ်လို့ မဆိုနိုင်ဘူး၊ ဘာရလဒ်မှ တိတိကျကျထွက်ပေါ်လာတာမျိုး မရှိဘူးလို့ ကြက်တူရွေးကတော်တော် မယ်ဘော်က ပိုကဲပြီး သဲပြခွဲပြနေပါတယ်။ ကိုယ့်အဖွဲ့အစည်းရဲ့ မရှိမဲ့ရှိမဲ့ နိုင်ငံရေးသိက္ခာလေးတောင်မှ မထိန်းနိုင်ကြတော့ပါဘူး။

သူတို့ ဘာတွေပဲပြောနေပါစေ ကျွန်တော်တို့ပြည်သူတွေကတော့ မစ္စတာဂမ်ဘာရီရဲ့ ခရီးစဉ်မှာ အပေါင်းလက္ခဏာဆောင်တဲ့ တိုးတက်မှုရလဒ်ကောင်းတွေ ရရှိခဲ့တယ်လို့ယုံကြည်ယူဆမိသလိုယခုMr. Quintana ရဲ့ ခရီးစဉ်မှာလည်း အပြုသဘောဆောင်တဲ့ တိုးတက်ဖြစ်ထွန်းမှုတွေ အတော်များများ ရှိခဲ့တယ်လို့ သုံးသပ်ရှုမြင်မိပါတယ်။ တစ်ချိန်တုန်းကဆိုရင် အထူးအစီရင်ခံစာ တင်သွင်းသူတွေဟာ အိမ်နီးချင်းနိုင်ငံ နယ်စပ်ကပြည်ပြေးတွေ၊ သောင်းကျန်းသူ အကြွင်းအကျန်တွေ၊ နိုင်ငံရေး စားဖားကြီးတွေနဲ့ပဲ ထိတွေ့ခဲ့ကြပြီး သူတို့ပြောသမျှ အမှန်လုပ်ပြီး အစီရင်ခံစာတွေကို တစ်ဖက်နားနဲ့ သုံးသပ်ပြုစုရေးသားခဲ့ကြတာ မဟုတ်လား။ အခုဆိုရင် Mr. Quintana အနေနဲ့ ကျွန်တော် ရှေ့မှာ ပြောခဲ့သလို ကရင်ပြည်နယ်ကို သွားရောက်ခဲ့ပြီး ဒေသခံပြည်သူတွေရဲ့ ပကတိအခြေအနေမှန်ကို ကိုယ်တွေ့မျက်မြင် သိရှိလေ့လာခွင့် ရခဲ့တဲ့အပြင် နိုင်ငံတော်အစိုးရနဲ့ ငြိမ်းချမ်းရေးရယူထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ပါ တွေ့ဆုံပြီး ဒေသခံတိုင်းရင်းသားတွေရဲ့ ဆန္ဒသဘောထားအမှန်တွေကို ကိုယ်တိုင် နားနဲ့ဆတ်ဆတ် ထိတွေ့ကြားနာခွင့် ရရှိခဲ့ပြီးလည်း ဖြစ်ပါတယ်။

စာမျက်နှာ ၆ ကော်လံ ၁သို့ ✳

ပြောရရင် ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ပြီး တက်ကြွတဲ့နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေ၊ ကမ္ဘာ့နိုင်ငံတွေအားလုံးနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်နဲ့အညီ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်နေတဲ့ ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒ့ါအပြင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ ကမ္ဘာ့ကုလသမဂ္ဂနဲ့ အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ရေးဟာလည်း ကျွန်တော်တို့နိုင်ငံ နိုင်ငံခြားရေးမူဝါဒရဲ့ အဓိကမူဝါဒဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံဟာ ကုလသမဂ္ဂနဲ့ တက်ကြွစွာပူးပေါင်းဆောင်ရွက်ခဲ့တဲ့ သမိုင်းအစဉ်အလာကောင်းကို ပိုင်ဆိုင်ခဲ့တာ အားလုံးအသိပါ။ လက်ရှိပစ္စုပ္ပန်မှာလည်း အလေးထား ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အနာဂတ်မှာလည်း တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။

တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် မြနှင်းဒီသီးနှံအခြောက်ခံစက်ရုံ ဖွင့်ပွဲတက်ရောက် နို့စားနွားမွေးမြူရေးခြံနှင့် မွေးမြူရေးအထူးဇုန်တို့ကို ကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မြနှင်းဒီသီးနှံအခြောက်ခံစက်ရုံဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာရှိ အဆိုပါစက်ရုံမုခ်ဦး၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွေးနံ့သာရည်များပက်ဖျန်းပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် သီးနှံအခြောက်ခံစက်ရုံအတွင်း ပြောင်းစေ့များအား စက်ယန္တရားများဖြင့် အခြောက်ခံမှု လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့သည် သနပ်ခါးကျေးရွာ ဖရစ်ရှန်နို့စားနွား မွေးမြူရေးခြံသို့ ရောက်ရှိကြပြီး နို့စားနွားမများ စီးပွားဖြစ်မွေးမြူထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် ညောင်ရွှေမြို့နယ် တီလောကျေးရွာအုပ်စု မွေးမြူရေးအထူးဇုန် ယာယီရှင်းလင်းဆောင်၌ မွေးမြူရေးအထူးဇုန် ဖော်ထုတ်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြည်နယ်အတွင်း မွေးမြူရေးအထူးဇုန် ဖော်ထုတ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြား ဆောင်ရွက်ပေးပြီး မွေးမြူရေး အထူးဇုန်အတွင်း ဆက်သွယ်ရေးလမ်းများ ဖောက်လုပ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းလေးကန်သို့ ရောက်ရှိကြပြီး ရေယာဉ်များဖြင့် အင်းလေးကန်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့သည် တဲယာရွာမအင်းကျေးရွာသို့ ရောက်ရှိကြပြီး ကိုယ့်အားကိုယ်ကိုး မြတ်ရွှေအိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြကာ တိုင်းမှူးက စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွက် အလှူငွေများကို လည်းကောင်း၊ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် အလှူရှင်များက စာအုပ် စာစောင်များနှင့် အလှူငွေများကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ကိုယ့်အားကိုယ်ကိုး ကျေးရွာဒီဂျစ်တယ် တယ်လီဖုန်းရုံးသို့ ရောက်ရှိကြပြီး ကျေးရွာအတွင်း တယ်လီဖုန်းလိုင်းများ သွယ်တန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စိန်သမာဓိ ရွှေ၊ ငွေ ပန်းထိမ်လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ချီးမြှင့်

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ဟိုပုံးမြို့နယ် တပ်မတော်နည်းပညာနှင့် ကွန်ပျူတာသိပ္ပံ စစ်ရေးပြကွင်း၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်စုတို့၏ ပြိုင်ပွဲဝင်မည့် စစ်ရေးပြအစီအစဉ်များကို ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက အမှာစကားပြောကြားကာ ဂုဏ်ပြုထောက်ပံ့ငွေများနှင့် ဆေးဝါးမျိုးစုံတို့ကို ထောက်ပံ့ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန် ကွန်ပျူတာတက္ကသိုလ်(လှော်ကား)တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်း ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးမျိုးချစ်၊ ရန်ကုန်တိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီရွှေနှင့် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ ရုံးဦးစီးမှူး ဒုတိယရဲမှူးမြင့်အောင်တို့သည် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၁ နာရီမှ မွန်းလွဲ ၁နာရီထိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (လှော်ကား) ရှိ ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများ အသိပညာပေးဟောပြောပို့ချခဲ့ရာ ဒုတိယပါမောက္ခချုပ် ဦးကျော်စွာစိုးနှင့် ဆရာ၊ ဆရာများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(ကြေးမုံ)

မင်းကင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ စည်ပင်၊ ပြည်သူ ပူးပေါင်းဆောင်ရွက်သည့် ရေပုတ်ချောင်း တည်ဆောက်ခြင်း၊ ပိုင်ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ခရိုင်ဥက္ကဋ္ဌ ဦးကြည်ဝင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

တက်မကိုင်သင်္ဘောသားများ မွမ်းမံသင်တန်း (၁/၂၀၀၉) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေကြောင်းဌာန တက်မကိုင် သင်္ဘောသားများ မွမ်းမံသင်တန်း (၁/၂၀၀၉) ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အလုံသင်္ဘောကျင်း ဧရာခန်းမ၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် ဝါးတန်းဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ကုန်ပို့ဆောင်ရေး ဌာနခွဲ၏ ရန်ကုန်-မန္တလေး “မြဧရာ” ဈေးသင်္ဘောကို ကြည့်ရှုစစ်ဆေးပြီး ရေယာဉ်မှူးနှင့် ရေယာဉ်ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ရန်ကုန်-မန္တလေး မြဧရာ ဈေးသင်္ဘောကို ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ မြို့၊ ရွာများမှ မိမိတို့ ဒေသ၌ပင် ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူဝယ်ယူ ရရှိနိုင်စေရန် ရည်ရွယ် ပြေးဆွဲခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ရက် ညနေ ၃ နာရီတွင် ရန်ကုန် အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်ရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီ(ရုံးချုပ်)အစည်းအဝေးခန်းမ၌ကျင်းပရာရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် တက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ်ကြို/ပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ဂုဏ်ပြုကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

(၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၉ခုနှစ်ဖေဖော်ဝါရီ ၁၂ရက်က ရေစကြိုမြို့ ကွင်းသာယာလမ်းသစ် ကတ္တရာလမ်းဖွင့်ပွဲကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြရွှေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြို့နယ်အတွင်းရေးမှူးဦးကျော်ရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ယင်းလမ်းသည်အလျားပေ ၆၀၀၊ အနံ ၁၂ ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်မြို့ပြလမ်းတံတားတည်ဆောက် ရေးလုပ်ငန်း၏ ခွင့်ပြုရန်ပုံငွေကျပ် ၃၃၇၀၀၀၀ အကုန်အကျခံ ခင်းခဲ့ကြောင်းသိရှိရသည်။

(၂၀၇)

ဘီလိယက်နှင့်စနူကာ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

International Beverages Trading Co., Ltd. က အဓိက ကူညီပံ့ပိုးသော ၂၀၀၉ ခုနှစ် GRAND ROYAL Special Reserve Billiards and Snooker Championship ပြိုင်ပွဲနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၀ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ Chatrium ဟိုတယ် Ball Room ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ အမှုဆောင်များ၊ IBTC မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာမြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးမြင့်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး International Beverages Trading Co., Ltd. မှExecutive ဒါရိုက်တာ ဦးတင့်ဦးက ပြိုင်ပွဲကျင်းပပေးသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ရုပ်သိမ်း

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများ၏ ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

ချီးမြှင့်

အဆိုပါ ဘီလိယက်နှင့် စနူကာတံခွန်စိုက်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၅ ရက်တွင် DOMINO CLUB မန္တလေးမြို့၌လည်းကောင်း၊ မတ် ၉ ရက်တွင် တောင်ကြီးမြို့ MANCHESTER SNOOKER CLUB၊ တောင်ကြီးမြို့ မြို့နယ် အားကစားကွင်းနှင့် မကွေးမြို့ မြို့နယ်အားကစားခန်းမတို့၌လည်းကောင်း မတ် ၁၈ ရက်တွင် DIAMOND BILLIARDS and SNOOKER CENTER ကမာရွတ်မြို့နယ် (ရန်ကုန်တိုင်း)၌ လည်းကောင်း အသီးသီးကျင်းပမည်ဖြစ်ပြီး ဆုကြေးများကို ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် GRAND ROYAL Special Reserve Billiards & Snooker Championship ပြိုင်ပွဲနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

✳ စာမျက်နှာ ၅ မှ

ဒါ့အပြင် ခရီးစဉ်အတွင်း Mr. Quintana အနေနဲ့ တွေ့သင့်တွေ့ထိုက်သူအားလုံးကို တွေ့ဆုံခွင့်ရရှိခဲ့ပြီ။ နိုင်ငံတော်ပိုင်းက ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်များအပေါ် သိနားလည်နိုင်ခွင့် ရရှိခဲ့ပါတယ်။ အပြန်အလှန်ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ်နိုင်ခဲ့ကြပြီး လိုအပ်ချက်များအပေါ် Mr. Quintana ဘက်က အပြုသဘောတင်ပြဆွေးနွေး အကြံပြုခဲ့သည်များရှိသလို နိုင်ငံတော်ဘက်က အပြုသဘောဆောင်တဲ့ တုံ့ပြန်မှုတွေ၊ အလေးထား ပူးပေါင်းဆောင်ရွက်လိုတဲ့ သဘောထားတွေ ပြသခဲ့တဲ့အတွက် ဒီခရီးစဉ်ဟာ တိုးတက်ဖြစ်ထွန်းမှု အလားအလာကောင်းတွေ ပေါ်ထွက်လာခဲ့တဲ့ ခရီးစဉ်တစ်ခုဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

ကျွန်တော် ရှေ့ပိုင်းမှာ တင်ပြခဲ့သလို အကျဉ်းသားပေါင်း ၆၃၁၃ဦးကို စေလွှတ်ပေးခဲ့တာဟာလည်း ဒီခရီးစဉ်ရဲ့ နောက်ဆက်တွဲရလဒ်အဖြစ် ယူဆကောင်းယူဆနိုင်ပါတယ်။ အကယ်၍သာအကျဉ်းသားများလွတ်ငြိမ်းသက်သာခွင့်ပေးရာမှာ ကျွန်တော် တင်ပြခဲ့တဲ့ မူလရည်ရွယ်ချက်များအပြင် နိုင်ငံတော် အပိုင်းက Mr.Quintana ရဲ့ ခရီးစဉ်ဆွေးနွေးအကြံပြုချက်များအပေါ် အလေးထားမှုကို ပြသလိုတဲ့အနေနဲ့ အချက်တစ်ချက်အဖြစ်ထပ်တိုးစဉ်းစားပြီး စီမံဆောင်ရွက်ပေးခဲ့တာမှန်ရင်တော့ ဒါဟာ နိုင်ငံတော်အပိုင်းရဲ့ နောက်ထပ်အပြုသဘောဆောင်တဲ့ အလေးထားမှုတစ်ရပ်အဖြစ် သတ်မှတ်ရမှာပဲဖြစ်ပါတယ်။

ချုပ်ပြီးပြောရရင် တည်ဆဲအစိုးရအနေနဲ့ မူဝါဒလမ်းစဉ် (၇)ရပ်ရဲ့ အဆင့် (၅) (၆) (၇) များအတိုင်းအောင်မြင်ပြီးမြောက်အောင် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ပြည်သူများကလည်းလိုလား၊ ကုလသမဂ္ဂနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းကလည်း ထောက်ခံနေတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးနဲ့ပတ်သက်ပြီး တိတိကျကျ အချိန်ဇယားနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ရဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းက မြန်မာ့အရေးကို စိတ်ရင်းစေတနာကောင်းနဲ့ ပါဝင်ကူညီကြမယ်ဆိုတာ ယုံမှားသံသယဖြစ်ဖွယ်မရှိပါဘူး။ ယခုလည်း Mr. Quintana ခရီးစဉ်ရဲ့ ရလဒ်ပိုင်းနဲ့ပတ်သက်ပြီးတော့ အပြုသဘောရှုမြင်သုံးသပ်မှုများထွက်ပေါ်လာလိမ့်မယ်လို့ အပြည့်အဝယုံကြည်လျက်ရှိကြောင်းပါခင်ဗျား။ ။

နိုင်ငံတစ်ဝန်းသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက်
နိုင်ငံတော်အစိုးရ၏ အကောင်အထည်ဖော် ဆောင်ရွက်ချက်များ

ဆန့်ကျင်ဘက်အဖွဲ့များက ပြည်သူအား ရိုးရိုးသားသား စည်းရုံးဆောင်ရွက်ခြင်းမပြုဘဲ လျှပ်စစ်မီးနှင့် သောက်သုံးရေကိစ္စကို ခုတုံးလုပ်ပြီး မျက်လှည့်ပြ သွေးထိုးလှုံ့ဆော်ရန် မရိုးမသား ကြိုးပမ်းကြံစည်နေကြသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံနှင့် ပြည်သူအားလုံးအတွက် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးကို အဘက်ဘက်က အားတက်သရော ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်းတွင် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၀)နှစ်စီမံကိန်းကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးထားမှုများအား အောက်ဖော်ပြပါဇယားကို ကြည့်ခြင်းအားဖြင့် ထင်ရှားပေါ်လွင်စွာ သိရှိနိုင်ပါသည် -

ပြည်နယ်နှင့်တိုင်း အလိုက်ရေရရှိမှု အခြေအနေ	လျာထား ကျေးရွာ	အကောင်အထည် ဖော်ပြီးကျေးရွာ	ရေရရှိရေး လုပ်ငန်းပေါင်း	ပြီးစီးမှုရာခိုင်နှုန်း
စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်း	၈၀၄၂	၈၀၃၉	၁၂၅၅၁	၉၉% ကျော်
အခြားပြည်နယ် နှင့်တိုင်းများ	၁၅၁၈၃	၁၃၆၂၆	၁၉၃၁၁	၉၀% ခန့်
စုစုပေါင်း	**၂၃၂၂၅**	**၂၁၆၆၅**	**၃၁၈၆၂**	**၉၃%**

ယင်းတို့အနက် မန္တလေးတိုင်းအတွင်း ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးထားမှုများကို အောက်ပါအတိုင်း ထုတ်နုတ်ဖော်ပြအပ်ပါသည် -

မန္တလေးတိုင်း အတွင်း ရေရရှိမှု အခြေအနေ	လျာထား ကျေးရွာ	အကောင်အထည် ဖော်ပြီးကျေးရွာ	ရေရရှိရေး လုပ်ငန်းပေါင်း	ပြီးစီးမှုရာခိုင်နှုန်း
မန္တလေးတိုင်း	၄၁၁၉	၄၁၁၉	၆၃၉၆	၁၀၀%
မိတ္ထီလာခရိုင်	၇၅၇	၇၅၇	၁၂၆၀	၁၀၀%

သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၀)နှစ် စီမံကိန်းကို ၂၀၀၀-၂၀၀၁မှ ၂၀၀၉-၂၀၁၀အတွင်း အကောင်အထည်ဖော်

သာစည်မြို့နယ် ကုန်းတောင်းကျေးရွာ၌ စိုက်ပျိုးရေနှင့် သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန်အတွက် လေးလက်မ မြေအောက်စက်ရေတွင်း တူးဖော်နေစဉ်။

မြေအောက်ရေ

မုံရွာခရိုင် အရာတော်မြို့နယ်တွင် မြေအောက်ရေများတူးဖော်ပေးခဲ့ရာ အမြင့်ပေ ၂၀ အထိ ရေပန်းထွက်နေသည်ကို တွေ့ရစဉ်။

မိတ္ထီလာမြို့နယ်အတွင်းရှိ ပြည်သူများအား သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိသည့် မဟာစည် မြေအောက်ရေရရှိရေး စီမံကိန်း။

ကြည့်ရှု စစ်ဆေး

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံမြို့နယ် အမာမြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လမ်းများဖောက်လုပ်ရာတွင် ဘက်စုံအကျိုးပြုသွားနိုင်ရန် တည်ဆောက်ပေးလျက်ရှိ မိုးမတိုင်မီ အနည်းဆုံး မြေမာလမ်းများအဖြစ် အသုံးပြုနိုင်အောင် ဖောက်လုပ်ပေး

❐ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်ထားသည့် အခြေခံအိမ်တွင်းမှုသင်တန်းသို့ ရောက်ရှိပြီး သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသနေ လူငယ်လူရွယ်များအား အသက်မွေးဝမ်းကျောင်းပညာရပ်များကို စနစ်တကျ သင်ယူတတ်မြောက်စေရေးအတွက် ယခုကဲ့သို့ အခြေခံ အိမ်တွင်းမှုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ဆက်လက်၍လည်း စက်မှုလက်မှုသင်တန်းကျောင်းများကို သင့်လျော်သည့်နေရာများ၌ ဖွင့်လှစ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းသူများအနေဖြင့်လည်း မိမိတို့ တက်ရောက်နေသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်အောင် လေ့ကျင့်သင်ယူကြရန် မှာကြားသည်။

ထောက်ပံ့ငွေပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အမှတ်စဉ်(၁) သင်တန်းသူများ၏ စက်ချုပ်ပညာသင်ယူနေမှု၊ သိုးမွေးထိုးပညာသင်ယူနေမှုနှင့် သင်တန်းသူများ ချုပ်လုပ်ထားသော အဝတ်အထည်များကို ကြည့်ရှုအားပေးပြီး သင်တန်းတာဝန်ခံထံ အပ်ချုပ်စက်နှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

ဆက်လက်၍ ဦးအောင်ဇော်မြင့်နှင့် ဇနီး ဒေါက်တာမြတ်မြတ်အုန်းခင်တို့က အပ်ချုပ်စက် ၁၀ လုံးကို သင်တန်းတာဝန်ခံထံ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ သင်တန်းသို့ ဖျာပုံမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသူ ၆၀ တက်ရောက် သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ်ကြာမြင့်မည်ဖြစ်သည်။ သင်တန်း၌ စက်ချုပ်၊ ဇာထိုးပန်းထိုး၊ အချက်အပြုတ်နှင့် မုန့်လုပ်နည်းပညာများကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ရွှေရတုရိပ်သာ၌ ဧရာဝတီတိုင်း အင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းက ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း ၃၉ မိုင် နှစ်ဖာလုံ ဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ ဖျာပုံ-ကျုံကဒွန်း-အမာလမ်း အဆင့်မြှင့်ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုက အဆိုပါလမ်းများသို့ သွားရောက်စစ်ဆေးရာတွင် တွေ့ရှိမှုအခြေအနေများကို ဖြည့်စွက်တင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပံ့ပိုးညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားရာတွင် နိုင်ငံတော်အကြီးအကဲက ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ခံကြရသည့် ဒေသများ၌ နောင်သဘာဝဘေးအန္တရာယ်များ ပေါ်လာပါက အသက်အိုးအိမ်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့ ဘိုကလေး ပညာရေးကောလိပ်၌ ဖွင့်လှစ်ထားသည့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁) သင်တန်း၌ သင်တန်းသူများ စက်ချုပ်ပညာသင်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အတွက် မအူပင်-ရေလဲကလေး-ရွှေတောင်မှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း၊ လပွတ္တာ-သက်နှင်းကြီး-ပြင်စလူလမ်း၊ ဘိုကလေး-ကြိမ်ချောင်း- ကဒုံကနီလမ်းနှင့် လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း လမ်းကွန်ရက်များကို ဖောက်လုပ်သွားရန် လမ်းညွှန်ခဲ့သဖြင့် အဆိုပါ လမ်းကွန်ရက်စီမံကိန်းများကို အင်တိုက်အားတိုက် ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းကိုပါ ထပ်မံ၍ အသစ်ဖောက်လုပ်ပေးသွားရန်နှင့် ဖျာပုံ-ကျုံကဒွန်း-ဒေါ်ညိမ်း-အမာလမ်းကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လမ်းညွှန်ခဲ့ကြောင်း။

လမ်းကွန်ရက်စီမံကိန်းတွင်ပါဝင်သည့် လမ်းများကို ဖောက်လုပ်ရာတွင်လည်း ဒေသနေပြည်သူများ ကူးလူးဆက်သွယ် သွားလာရုံသက်သက်မျှသာမကဘဲ နောင်သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ရေလွတ် သက်ကယ်ကုန်းမြင့်(Hillock)များ အဖြစ်လည်းကောင်း၊ အချို့နေရာများ၌ ရေငန်တားတမံကြီးများအဖြစ်လည်းကောင်း ဘက်စုံအကျိုးပြုသွားနိုင်ရန် တည်ဆောက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် အဆိုပါ လမ်းကွန်ရက်များကို လာမည့် မိုးကာလမတိုင်မီ အနည်းဆုံး မြေမာလမ်းများအဖြစ် စတင်အသုံးပြုနိုင်အောင် ဖောက်လုပ်ပေးသွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒဂုန်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသည့် တိုးချဲ့ ခုတင် ၂၀၀ ဆံ့ ဆေးရုံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဖျာပုံမြို့မှထွက်ခွာ၍ ဖျာပုံ- ဒေါ်ညိမ်း-အမာလမ်း ဖောက်လုပ်ပြီးစီးမှုနှင့် နွေစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဖျာပုံမြို့နယ် အမာမြို့သို့ ရောက်ရှိကြသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အမာမြို့ အခြေခံပညာအထက်တန်းကျောင်း၌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဆောက်လုပ်လှူဒါန်းသည့် ပေ (၁၅၀×၃၀)ရှိ ကျောင်းဆောင်၊ ပြည့်ဖြိုးကျော်ကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသည့် ပေ (၆၀×၃၀)ရှိ ကျောင်းဆောင်နှင့် Total ကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် ပေ (၁၂၀×၃၀)ရှိ ကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် စက်မှုလက်မှု အထက်တန်းကျောင်းဖွင့်လှစ်နိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒဂုန်အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်သည့် ဆိုင်ကလုန်း အကာအကွယ်အဆောက်အအုံ စီမံကိန်းသို့ ရောက်ရှိရာ ကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းအောင်က Cyclone Shelter ဆောက်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က Cyclone Shelter များကို သာမန်အချိန်တွင် စာသင်ဆောင်များအဖြစ် အသုံးပြုနိုင်ရေးအတွက် အခန်းဖွဲ့စည်း တည်ဆောက်သွားရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အမာမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဆေးခန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ရဟတ်ယာဉ်များဖြင့် ဘို
ရောက်ရှိကြပြီး ထူးထရေးဒင်း ကုမ္ပဏီလီမိတ
ရှိသည့် ဆိုင်ကလုန်းအကာအကွယ် အဆ
ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ရေ
တည်ဆောက်နေမှုနှင့် သောက်ရေကန်တူး
နိုင်ငံတော်ဝန်ကြီးချုပ်က Cyclone Shelter
အဓိကထားဆောင်ရွက်သွားရန် တာဝန်ရှိသူ
ယင်းနောက် ရှင်းလင်းဆောင်၌ ထု
ဦးတေဇက Cyclone Shelter ဆောက်
ပြီးစီးမှု၊ ပစ္စည်းများ စုဆောင်းထားရှိမှုမျာ
နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို
ပေးသည်။
ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်
ရဟတ်ယာဉ်များဖြင့် ထွက်ခွာ၍ လမ်းတ
လမ်းဖောက်လုပ်ပြီးစီးမှုနှင့် နွေစပါးစိုက်ပျိုး
စစ်ဆေးပြီး ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီး
တည်ဆောက်မှုလုပ်ငန်းသို့ ရောက်ရှိကြရာ ရှ
ရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးစိုးတင့်က
၄၁ မိုင် နှစ်ဖာလုံတွင် မြေသားလုပ်ငန်းများ
ကုန်းမြင့်များ မြေသားအလွှာအလိုက်
တည်ဆောက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ လ
စီမံကိန်း စီမံကိန်းအထူးအဖွဲ့(၄)မှ ဒုတိယ
ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း၌ အ
ကိုင်းတောကြီးချောင်း တံတား၊ အရှည်ပေ ၅
တံတား၊ အရှည်ပေ ၆၀၊ အကျယ် ၁၂ ပေရှိ
အရှည်ပေ ၆၀၊ အကျယ် ၁၂ ပေရှိ သိုင်းချော
နေမှုများကိုလည်းကောင်း ရှင်းလင်းတင်
မိုးကာလတွင် လမ်းများတစ်ဆက်တစ်စပ်တ
နှင့် တံတားများ အချိန်မီပြီးစီးရေးအတွက် တ
တစ်ပြိုင်တည်း ဆောက်လုပ်သွားကြရန် တာ

ထိုက်တန်စွာဆ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်န
ရောက်ရှိကြပြီး ဘိုကလေးပညာရေးကော
အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁)သို့ တ
များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ သင်တ
အစားအစာချက်ပြုတ်မှု၊ သင်ယူနေမှုနှင့် သင်

ဖျာပုံ - ဒေါ်ညိမ်း - အမာလမ်း
တွေ့ရစဉ်။

ကြည့်ရှုစစ်ဆေး

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံမြို့နယ် အမာမြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ထို့နောက် ရဟတ်ယာဉ်များဖြင့် ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာသို့ ရောက်ရှိကြပြီး ထူးထရေးဒင်း ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဆိုင်ကလုန်းအကာအကွယ် အဆောက်အအုံ (Cyclone Shelter) ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ရေလွတ်သက်ကယ်ကုန်းမြင့် (Hillock) တည်ဆောက်နေမှုနှင့် သောက်ရေကန်တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးကာ နိုင်ငံတော်ဝန်ကြီးချုပ်က Cyclone Shelter အဆောက်အအုံတည်ဆောက်ရေးကို အဓိကထားဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ထူးထရေးဒင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးတေဇက Cyclone Shelter ဆောက်လုပ်ရန် မြေကြီးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ပစ္စည်းများ စုဆောင်းထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကိုဖြည့်စွက်မှာကြားပြီး ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကဒုံကနီကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာ၍ လမ်းတစ်လျှောက် ကြိမ်ချောင်း-ဘိုကလေး လမ်းဖောက်လုပ်ပြီးစီးမှုနှင့် နွေစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာအနီးရှိ ကိုင်းတောကြီးတံတား တည်ဆောက်မှုလုပ်ငန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးစိုးတင့်က ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း ၄၁ မိုင် နှစ်ဖာလုံတွင် မြေသားလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ရေလွတ် သက်ကယ်ကုန်းမြင့်များ မြေသားအလွှာအလိုက် တည်ဆောက်ပြီးစီးမှု၊ တံတားများ တည်ဆောက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တံတားဆောက်လုပ်ရေး စီမံကိန်း စီမံကိန်းအထူးအဖွဲ့(၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လင်းက ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း၌ အရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေရှိ ကိုင်းတောကြီးချောင်း တံတား၊ အရှည်ပေ ၅၀၊ အကျယ် ၁၂ ပေရှိ ဖလားချောင်း တံတား၊ အရှည်ပေ ၆၀၊ အကျယ် ၁၂ ပေရှိ သိုင်းချောင်းတံတား အမှတ်(၁)နှင့် အရှည်ပေ ၆၀၊ အကျယ် ၁၂ ပေရှိ သိုင်းချောင်းတံတား အမှတ်(၂)တို့ တည်ဆောက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က မိုးကာလတွင် လမ်းများတစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရေး ဆောင်ရွက်ရန်နှင့် တံတားများ အချိန်မီပြီးစီးရေးအတွက် တံတားဆောက်လုပ်ရေးအဖွဲ့များခွဲကာ တစ်ပြိုင်တည်း ဆောက်လုပ်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုက်တန်စွာဆုချီးမြှင့်

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဘိုကလေးမြို့သို့ ရောက်ရှိကြပြီး ဘိုကလေးပညာရေးကောလိပ်၌ ဖွင့်လှစ်ထားသည့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁)သို့ တက်ရောက်လျက်ရှိသော သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ သင်တန်းသူများ စက်ချုပ်ပညာသင်ယူနေမှု၊ အစားအစာချက်ပြုတ်မှု၊ သင်ယူနေမှုနှင့် သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များကို ကြည့်ရှုစစ်ဆေးကြကာ တာဝန်ရှိသူများအား သင်တန်း၌ ထူးချွန်ဆုရရှိသူများကို ထိုက်တန်စွာဆုချီးမြှင့်ရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က သင်တန်းတာဝန်ခံထံ ထောက်ပံ့ငွေများ ပေးအပ်သည်။ ဆက်လက်၍ ထူးထရေးဒင်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးတေဇက သင်တန်းတာဝန်ခံထံ အပ်ချုပ်စက် အလုံး ၄၀ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ပုသိမ်မြို့သို့ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

နိုင်ငံတော်ဝန်ကြီးချုပ်သည် ညနေ ၆ နာရီခွဲတွင် တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်း လေဘေးသင့်ဒေသများတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများနှင့် Cyclone Shelter များ တည်ဆောက်လျက်ရှိသော ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ရှေးဦးစွာ ငပုတောမြို့နယ် ချောင်းဝကျေးရွာ၊ ပြင်ခရိုင်ကျေးရွာ၊ သက်န်းကုန်းကျေးရွာ၊ သက္ကယ်သောင်ကျေးရွာ၊ လပွတ္တာမြို့နယ် သက်န်းကြီးကျေးရွာ၊ ဇင်းရွဲကြီးကျေးရွာ၊ စလူဆိပ်ကျေးရွာ၊ ပြင်စလူ(၁)ကျေးရွာ၊ ပြင်စလူ(၂)ကျေးရွာ၊ ပိုးလောင်းကျေးရွာ၊ သစ်ပုတ်ကျေးရွာ၊ ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာ၊ ဧရာကျေးရွာ၊ ဖျာပုံမြို့နယ် အမာကျေးရွာ၊ ဒေါ်ညိမ်းကျေးရွာ၊ ခမင်းဆိပ်ကျေးရွာ၊ ဒေးဒရဲမြို့နယ် ကံ့ဒါးကျေးရွာများ၌ လူ ၅၀၀ ဆံ့ Cyclone Shelter များ တည်ဆောက်ကြမည့် ရွှေသံလွင်ကုမ္ပဏီ၊ FMI၊ တက်လမ်း၊ TZTM၊ ဧရာရွှေဝါ၊ မိုးကြယ်စင်၊ မက်စ်မြန်မာ၊ အေဝမ်း၊ ဝါဝါဝင်း၊ မြတ်နိုးသူ၊ ထူးထရေးဒင်း၊ ဒိုင်းမွန်းမာကျူရီ၊ ဒဂုန်အင်တာနေရှင်နယ်၊ ယုဇန၊ ဧဒင်အုပ်စု၊ မြနန္ဒာ၊ ရွှေတောင်ကုမ္ပဏီများမှ တာဝန်ရှိသူများက လူ ၅၀၀ဆံ့ Cyclone Shelter များ တည်ဆောက်ရေးအတွက် မြေသား၊ မြေပေါင်ဖို့ခြင်း၊ ဘိုးပိုင်ရိုက်ခြင်း၊ ယန္တရားနှင့် တည်ဆောက်ရေးပစ္စည်းများ စုဆောင်းထားရှိမှု၊ ရေရရှိရေးဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ဒေးဒရဲမြို့နယ် တိုးရွာနှင့် သောကြာကျေးရွာတို့၌ မူလတန်းကျောင်းများ တည်ဆောက်နေကြသည့် မြနန္ဒာနှင့် ရွှေတောင်ကုမ္ပဏီများမှ တာဝန်ရှိသူများက ကျောင်းဆောင်တည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အဓိကထားဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး Cyclone Shelter များကို ခိုင်ခိုင်မာမာ တည်ဆောက်ပေးခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကြောင့် လူ့အသက်ဆုံးရှုံးမှုများကို ကာကွယ်တားဆီးနိုင်မှာဖြစ်ကြောင်း၊ Cyclone Shelter တည်ဆောက်ရေးလုပ်ငန်းများကိုလည်း လာမည့်မိုးကာလမတိုင်မီ အဆောက်အအုံပိုင်းပြီးစီးရေးအတွက် အဓိကထားဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။ (သတင်းစဉ်)

သောက်ရေကန်တူးဖော်

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာတွင် ထူးထရေးဒင်း ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဆိုင်ကလုန်းအကာအကွယ်အဆောက်အအုံ ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ရေလွတ် သက်ကယ်ကုန်းမြင့် တည်ဆောက်နေမှုနှင့် သောက်ရေကန် တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖျာပုံ - ဒေါ်ညိမ်း - အမာလမ်း ဖောက်လုပ်ပြီးစီးမှုကို ဝေဟင်မှတွေ့ရစဉ်။ (သတင်းစဉ်)

✧ ကျောဖုံးမှ

အဘက်ဘက်က ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးခဲ့ကြသည့် ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများအား ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ငွေးဦးက အမှာစကားပြောကြားရာ၌ ကျောက်တော်မြို့နယ်အတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့သည့် ဇီးချောင်းရေလှောင်တမံကို အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဇီးချောင်းရေလှောင်တမံသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်ဖြစ်ပေါ်လာအောင် အထောက်အကူပြုမှာဖြစ်ကြောင်း။

တိုးတက်ပြောင်းလဲ

ယခုကဲ့သို့ ရေလှောင်တမံစီမံကိန်းများနှင့် ရေရရှိရေး စီမံကိန်းများကြောင့် ရေသွင်းစိုက်ပျိုးနိုင်သည့် စိုက်ပျိုးမြေများ တိုးတက်ဖြစ်ပေါ်လာပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာသည့် အကျိုးရလဒ်များ ရရှိသကဲ့သို့ သဘာဝပတ်ဝန်းကျင် အနေအထားများကိုလည်း တိုးတက်ပြောင်းလဲဖြစ်ပေါ်စေခဲ့ကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်ပေးနေသကဲ့သို့ တောင်သူများ အကျိုးစီးပွား ဖြစ်ထွန်းစေရန် အထွက်နှုန်းနှင့် အရည်အသွေးကောင်း သီးနှံမျိုးကောင်းမျိုးသန့်များကို သုတေသနပြုဖော်ထုတ်ပြီး ဖြန့်ဖြူးပညာပေး စိုက်ပျိုးစေလျက်ရှိကြောင်း၊ ဇီးချောင်းရေလှောင်တမံသည် တပ်မတော်အစိုးရလက်ထက် ၂၁၉ ခုမြောက် ဖွင့်လှစ်လိုက်သည့် ဆည်မြောင်းစီမံကိန်း ဖြစ်ကြောင်း၊ ရေလှောင်တမံ အောင်မြင်စွာ တည်ဆောက်ပြီးစီးနိုင်ရေးအတွက် ကူညီပံ့ပိုး ဆောင်ရွက်ပေးကြသည့် ဒေသအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်မှ တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်း။

ရေလှောင်တမံ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေဝေရေလဲဒေသကို ထိန်းသိမ်းရန်လိုအပ်ရာ သစ်တောပြုစုပျိုးထောင်မှုလုပ်ငန်းများ၊ သစ်တောသစ်ပင်စိုက်ခင်း တည်ထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ ရေလှောင်တမံက ဆည်ရေကို ရယူသုံးစွဲရာတွင်လည်း သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြင့် အကျိုးရှိအောင် သုံးစွဲကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ကျောက်တော်မြို့နယ်မှ ဦးဘစောက ဇီးချောင်းရေလှောင်တမံ တည်ဆောက်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ထို့နောက် မင်္ဂလာအချိန်တွင် ဇီးချောင်းရေလှောင်တမံ ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်ငွေးဦးတို့သည် ဖဲကြိုးဖြတ်၍ ဇီးချောင်းရေလှောင်တမံကို ဖွင့်လှစ်ပေးကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်နှင့် ရေသိုလှောင်ထားရှိနိုင်မှု၊ ရေပိုလွှဲ၊ ပင်မမြောင်းမှ ရေပေးဝေနေမှုနှင့် နွေစပါးစိုက်ခင်းများကို ကြည့်ရှုကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၃) ညွှန်ကြားရေးမှူး ဦးခင်မောင်က ဇီးချောင်းရေလှောင်တမံ တည်ဆောက်ခဲ့မှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဇီးချောင်း ရေလှောင်တမံကို ဇီးချောင်းပေါ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။ ပင်မတမံမှာ အလျားပေ ၈၄၀၊ အမြင့် ၁၁၅ ပေ ရှိပြီး ရေဧကပေ ၇၅၃၀ သိုလှောင်နိုင်သည့် မြေသားတမံ ဖြစ်သည်။ ဇီးချောင်းရေလှောင်တမံမှ လယ်မြေဧက ၁၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ် ကီလိုဝပ် ၈၀ ပါ ထုတ်ပေးနိုင်မည့် တမံဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ဇီးချောင်း ရေလှောင်တမံဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

လှပသောတောင်စခန်းမြို့ ပြင်ဦးလွင် ဂုဏ်ယူနိုင်ပါစေ

သတင်းမှတ်စု ပြင်ဦးလွင်ချစ်ဆွေ

၁၈၉၆ ခုနှစ်တွင် ပြင်ဦးလွင်ကို တောင်စခန်းမြို့အဖြစ် သတ်မှတ်ခဲ့သည်။ အရှေ့အာရှတိုက်တစ်လွှားရှိ အခြားသော တောင်စခန်းမြို့များထက် အသန့်ရှင်းဆုံး သာယာလှပဆုံး စံချိန်ကို တင်နိုင်ခဲ့လေသည်။

ထိုသို့စံချိန်တင်နိုင်ခဲ့ခြင်းမှာ မြို့နေ လူထုအနေဖြင့် စည်ပင်သာယာရေးအဖွဲ့က သန့်ရှင်းရေးအတွက် သတ်မှတ်ပေးထားသော ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို တိတိကျကျလိုက်နာပြီး တာဝန်သိစွာဖြင့် ပူးပေါင်း ဆောင်ရွက်သောကြောင့် ဖြစ်သည်။

၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တာဝန်ယူခဲ့သည့်အချိန်မှစ၍ပြင်ဦးလွင်သို့ ပြည်တွင်း၊ ပြည်ပမှ နှစ်စဉ်နှစ်တိုင်း အပန်းဖြေ အနားယူရန် လာရောက်ကြသူ များပြားလာသည်။ မြို့မှာလည်း ယခင်ကထက် ထူးထူးခြားခြား တိုးတက်ဖွံ့ဖြိုးစည်ကားလာခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် ပြင်ဦးလွင်သည် ပဒေသာမြို့သစ် တိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ယခင်ကထက်နှစ်ဆကျော်မျှကျယ်ပြန့်ကြီးမားလာလေသည်။ လူဦးရေ တိုးတက် များပြားလာသည်နှင့်အမျှ ခေတ်မီနေအိမ် အဆောက်အအုံများလည်း တိုးချဲ့ဆောက်လုပ်လာကြသည်။ မန္တလေး-လားရှိုးလမ်းမကြီးတစ်လျှောက်တွင် ခေတ်မီစီးပွားရေး အဆောက်အအုံများ၊လူနေတိုက်ခန်းများ တိုးတက်ဆောက်လုပ်လာကြသည်။ အဆင့်မြင့် ဟိုတယ်ကြီးများ၊ ခေတ်မီတည်းခိုခန်းများ ပေါ်ထွက်လာသည်။

ထိုသို့ လူဦးရေအရသော်လည်းကောင်း၊ လူနေအိမ်အခြေအနေအရသော်လည်းကောင်း ကြီးထွားလာသည်နှင့်အမျှ နေအိမ်များ၊ ဈေးဆိုင်ခန်းများ၊ ဈေးများမှ နေ့စဉ် စွန့်ပစ်သည့် အမှိုက်သရိုက်များ၊ အခြားစွန့်ပစ်ပစ္စည်းများမှာလည်း ထုထည်ကြီးမားလာသည်။ စည်ပင်သာယာရေးအဖွဲ့က မြို့ပြသန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိသည်။ အမှိုက်သရိုက် စွန့်ပစ်ပစ္စည်းတန်ချိန်ပေါင်း ၂၀ ခန့်ကို နေ့စဉ် သိမ်းဆည်းပေးနေရသည်။

မြို့တွင်းအဓိက လမ်းမကြီးဘေး ဝဲ၊ ယာတစ်ဖက်တစ်ချက်ရှိ စားသောက်ဆိုင်များ၊ စတိုးဆိုင်များ၊ လုပ်ငန်းရှင်များအား အဖွဲ့မှ ထုတ်ပေးထားသော အမှိုက်ပုံး ၄၅ လုံးထားပေးပြီး အမှိုက်များကို စနစ်တကျစွန့်ပစ်စေပြီး အဖွဲ့မှ နေ့စဉ် ပုံမှန်သိမ်းဆည်းပေးလျက်ရှိသည်။ ထို့ပြင် အဓိကလမ်းမကြီးများ၏ လမ်းဘေးဝဲ၊ ယာ တစ်ဖက်တစ်ချက်ရှိ ချုံနွယ်ပိတ်ပေါင်းများကင်းစေရေး၊ လမ်းဘေးမြက်ခုံများ ညီညာသပ်ရပ်လှပရေးအတွက် ပခုံးညှိခြင်း၊ မြက်ဖြတ်ခြင်းလုပ်ငန်းတို့ကို ပုံမှန်ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့တွင်း လမ်းဘေးဝဲ၊ ယာရှိ ရေနုတ်မြောင်းများ၊ ရေဆိုးထုတ်မြောင်းမကြီးများ ရေစီးရေလာကောင်းမွန်စေရေး၊ မြောင်းအတွင်းရှိ အမှိုက်သရိုက်မရှိစေရေးတို့ကိုလည်းပုံမှန်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကြီးမားလှသော မြို့သန့်ရှင်းရေးလုပ်ငန်းကြီးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သန့်ရှင်းရေးလုပ်သားဝန်ထမ်း ၄၁ဦး၊ အမှိုက်သိမ်းယာဉ်ငါးစီး၊ အလုံကားတစ်စီး၊ ထော်လာဂျီယာဉ်လေးစီးဖြင့်လုပ်ဆောင်နေဆောင်းရာသီအလှအပကိုမျှဝေခံစားလိုကြသူများလည်း ရှိလာကြသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်းတွင် ပါဝင်လျက်ရှိသောအင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းရှိ ဗန်ဒေါင်းခေါ် တောင်စခန်းမြို့မှာ ပြင်ဦးလွင်ကဲ့သို့ သန့်ရှင်းသာယာ လှပသော တောင်စခန်းမြို့ဖြစ်သည်။ ထိုတောင်စခန်းမြို့တွင် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က မြန်မာ၊ တရုတ်၊ အိန္ဒိယ အပါအဝင် ငြိမ်းချမ်းရေး ညီလာခံကြီး ကျင်းပခဲ့လေသည်။ ထိုညီလာခံမှပင် ယနေ့အထိ ကမ္ဘာ့ငြိမ်းချမ်းရေးကို အထောက်အကူ ဖြစ်စေခဲ့သည်။ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ် ချမှတ်နိုင်ခဲ့လေသည်။ ထိုစဉ်က ဗန်ဒေါင်းတောင်စခန်းမြို့မှ မြို့သူ၊ မြို့သားများက အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံကြီး လာရောက်ကျင်းပခဲ့သည်ကို ယနေ့ထက်တိုင် ဂုဏ်ယူမဆုံးဖြစ်နေကြဆဲဖြစ်သည်။ ထိုသို့ ဂုဏ်ယူဝင့်ကြွားနိုင်အောင်လည်း မြို့သူ၊ မြို့သားများက တစ်ဦးချင်းအလိုက် တာဝန်သိစွာဖြင့် မြို့သာယာသန့်ရှင်းရေးကို ဆောင်ရွက်ပေးခဲ့သောကြောင့် ဖြစ်သည်။

ပန်းမြို့တော်၊ တောင်စခန်းမြို့၊ အသန့်ရှင်းဆုံးမြို့ဖြစ်စေရေးအတွက် တာဝန်သိသော မြို့သူ၊ မြို့သားများ ဝိုင်းဝိုင်း ကျရာကဏ္ဍက ပူးပေါင်းပါဝင်ကြရပါမည်။

အသန့်ရှင်းဆုံး မြို့သူ၊ မြို့သားများအဖြစ် ခံယူပြီး စည်ပင်သာယာရေးအဖွဲ့နှင့်အတူ ပူးပေါင်းကြိုးပမ်း

ပြင်ဦးလွင်မြို့သည်ယခင်ကလူဦးရေ သုံးသောင်းခန့်သာရှိရာမှ ယခုအခါ လူဦးရေ ၁၁၇၀၉၇ ထိတိုးလာသည်။ အိမ်ခြေပေါင်း ၁၇၁၀၄အိမ်၊ ရပ်ကွက်ကြီးပေါင်း ၂၀ ရပ်ကွက်ရှိလာသည်။ မြို့အကျယ်အဝန်းမှာလည်း ၃၉ ဒသမ ၅၅ စတုရန်းမိုင်အထိ ကျယ်ပြန့်လာသည်နှင့်အမျှ ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ရသည်ကို လေ့လာကြည့်ခြင်းအားဖြင့် မြို့သူ၊ မြို့သားများကပါ တာဝန်ရှိရှိ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အသန့်ရှင်းဆုံး၊ သာယာလှပဆုံးမြို့အဖြစ်သို့ ရောက်ရှိနိုင်မည်ဖြစ်လေသည်။

ယခုအခါ ပြင်ဦးလွင်မြို့သို့ ပြည်တွင်း၊ ပြည်ပမှ ဧည့်သည်များ နေ့စဉ်လိုလို လာရောက်အပန်းဖြေအနားယူနေကြပါပြီ။ ယခင်က နွေရာသီတွင်သာ လာရောက်အပန်းဖြေခြင်းမျိုး မဟုတ်တော့ပြီ။ ပန်းမြို့တော်၏

ပန်းမြို့တော်အဖြစ်အကောင်အထည်ဖော်နေစဉ်ကာလအတွင်း ပန်းခင်း၊ မြက်ခင်းများတွင် သပ်ရပ် သန့်ရှင်းရေးအတွက် ဆောင်ရွက်နေစဉ်။

ဆောင်ရွက်ကြခြင်းဖြင့် ပန်းပေါင်းစုံဖူးပွင့်ဝေစည်နေသည့် လှပသော ပြင်ဦးလွင် တောင်စခန်းမြို့အဖြစ် ဂုဏ်ယူနိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

၂၀၀၉ ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် မေတ္တာရပ်ကွက် အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်နိုင်ငံတော်အလံအားအလေးပြုကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌက ဖတ်ကြားသည်။ ထို့နောက် ဘောလုံးပြိုင်ပွဲတွင် ဆုရရှိသော အသင်းများအား ဆုများချီးမြှင့်ပြီး ကျောက်ကြီးအထကမှ ကျောင်းသား၊ ကျောင်းသူများက အကဖြင့် တင်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (မြို့နယ်ပြန်/ဆက်)

အနာကြီးရောဂါ ကင်းဝေးရေးအထိမ်းအမှတ် ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဆဌမအကြိမ်မြောက် အနာကြီးရောဂါ ကင်းဝေးရေးအထိမ်းအမှတ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမတွင် ကျင်းပရာ ရှေးဦးစွာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ပါမောက္ခ ဒေါက်တာ ကျော်မြင့်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ကချင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာအေးငြိမ်းက ဖတ်ကြားပြီး ကချင်ပြည်နယ်၏ အနာကြီးရောဂါဖြစ်ပွားမှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို လက်ထောက်ညွှန်ကြားရေးမှူး (အနာကြီး) ဒေါက်တာ မောင်မောင်စိုးက ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် အခြေခံပညာအဆင့် ဆဌမအကြိမ် အနာကြီးရောဂါ ကင်းဝေးရေးအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တိုင်းမှူး**(ယာပုံ)**နှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး ခင်းကျင်းပြသထားသည့် ပြခန်းငယ်အား တိုင်းမှူးနှင့် ဧည့်ပရိသတ်များက ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ (၅၆၀)

ဖေဖော်ဝါရီ ၁၁ ရက်က မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှ မန္တလေးတိုင်းအတွင်းရှိ အဆောင်နေဘော်ဒါများအား မီးဘေးကြိုတင် ကာကွယ်ရေး သရုပ်ပြသခြင်းကို မန္တလေးတိုင်း မီးသတ်ဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးတင်မင်း၊ တိုင်းရုံးမှ ဦးစီး အရာရှိ ဦးထွန်းထွန်းစိုး၊ မန္တလေး ခရိုင် အရန်မီးသတ် ကြီးကြပ်ရေးကော်မတီဝင် တပ်ခွဲမှူး မျိုးညွန့်၊ ဝင်းစိန်၊ ဦးမောင်တာတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (၃၈၇)

သဝဏ်လွှာဖတ်ကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၂

၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈နာရီက ကန့်ဘလူမြို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ကျင်းပရာနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က ဖတ်ကြားသည်။ (၃၈၆)

ပန်းအလှပင်နှင့် အရိပ်ရပင်များ ပြုစုပျိုးထောင်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုသည် ဖေဖော်ဝါရီ ၇ ရက်က မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်းရှိ ပျိုးဥယျာဉ်အမှတ်(၁)၌ မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ပန်းအလှပင်နှင့် အရိပ်ရပင်များ ပြုစုပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ လိုက်လံရှင်းလင်းတင်ပြကြသည်။ (၄၉၉)

သစ်သားတံတားဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လက်ပံတန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ရေင်-တောင်ပေါ်စု ဂဝံလမ်းနှင့် သစ်သားတံတား ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ရက်က ရေင်ကျေးရွာဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ (မြို့နယ်စည်ပင်)

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီးအတွင်း မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို စစ်ဆေးရာ အဖွဲ့အမှုဆောင်အရာရှိ ဦးတင်ဦးလေး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သစ်တောရေးရာဝန်ကြီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း) မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ(ပြည်)၏ အခြေခံမီးသတ်သင်တန်း (မွမ်းမံ) ၁/၂၀၀၉ သင်တန်းဆင်းပွဲ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့်ဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြပွဲတို့ကို ဖေဖော်ဝါရီ ၇ ရက်က သစ်တောရေးရာဝန်ကြီးဌာန ပဲခူးတိုင်း (အနောက်ပိုင်း) မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ(ပြည်)၌ ကျင်းပရာ ပြည်ခရိုင် မီးသတ်ဦးစီးဌာနမှ တပ်ကြပ်ကြီးမောင်ပု၊ ဒု-တပ်ကြပ်လူဇော်နှင့် ဝန်ထမ်းများ ပူးပေါင်း၍ မီးသတ်စက်ယာဉ်ဖြင့် မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြကြစဉ်။ (၄၉၇)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဩဂုတ်လ ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်၊ ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဒေးဒရဲနှင့် ဖျာပုံမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၀ရက် နံနက် ၈ နာရီတွင် ဒေးဒရဲမြို့နယ် သောကြာကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိရာ မြန်နန္ဒာကုမ္ပဏီမှ လုပ်ငန်းတာဝန်ခံက မုန်တိုင်းဒဏ်ခံ အဆောက်အအုံအတွက် မြေနေရာရွေးချယ်ထားမှုနှင့် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ ကျောင်းအုပ်ဆရာကြီးက သဘာဝဘေးကြောင့် ပျက်စီးသွားသော ကျောင်းအဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်နေမှုနှင့် ပညာရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ဒေးဒရဲမြို့နယ် သောကြာကျေးရွာ တွဲဖက် အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှု၊ Cyclone Shelterတည်ဆောက်မည့်နေရာနှင့် ကျေးရွာသန့်ရှင်းသာယာလှပ ဖွံ့ဖြိုးတိုးတက်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ကျေးလက်ကျန်းမာရေးဌာနသို့ရောက်ရှိရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံတည်ဆောက်ပြီးစီးမှုနှင့် ဒေသတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် ရေယာဉ်ဖြင့် ဒေသခံများ၏ ရေလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေမှုနှင့် ဒီရေကာကွယ်တောများ ထိန်းသိမ်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် ဖျာပုံမြို့သို့ရောက်ရှိပြီး ဒဂုန်အင်တာနေရှင်နယ်လီမိတက်က ဆောက်လုပ်သည့် တိုးချဲ့ခုတင် ၂၀၀ဆံ့ ဆေးရုံ၌ တိုးချဲ့ဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ဖျာပုံတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားပြီး လူသုံးကုန် ပစ္စည်းများ၊ အဝတ်အထည်နှင့် အပ်ချုပ်စက်တို့ကို ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်နှင့်ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ်စီ လျော့နည်းခဲ့ပြီး ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်နှင့် လားရှိုးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်မှာ** ကော့သောင်းမြို့တွင် ၀ ဒသမ ၁၁ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၂၃ ရက် ညနေထိ ခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင်နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင်အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၂-၂၀၀၉ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၂၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅း၁၅ ၉။ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက် အကူပြုသင်ခန်းစာ (အင်္ဂလိပ်စာ အပိုင်း-ခ)
၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး (အပိုင်း-၅၆)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငါးကလေး (အပိုင်း-၃၉)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

စစ်တွေခရိုင် ကျောက်တော်မြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော ဇီးချောင်းရေလှောင်တမံဖွင့်ပွဲ ကျင်းပ

နိုင်ငံတော်က ရခိုင်ပြည်နယ်မှ ဒေသခံပြည်သူများအတွက် (၆)ခုမြောက် တည်ဆောက်ပေးသည့် တမံဖြစ်

ဝန်ကြီးဌာနအသီးသီးသည် ရခိုင်ပြည်နယ်ဘက်စုံဖွံ့ဖြိုးရေးအတွက် အထူးအလေးပေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က ရခိုင်ပြည်နယ် စစ်တွေခရိုင် ကျောက်တော်မြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော ဇီးချောင်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီတွင် အဆိုပါရေလှောင်တမံအနီးရှိ မဂ်လာမဏ္ဍပ်၌ ကျင်းပသည်။

ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ စစ်တွေခရိုင်နှင့် ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသား ယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဆည်မြောင်းဦးစီး ဌာန တည်ဆောက်ရေး(၃)မှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အမှာစကားပြောကြားရာ၌ ယနေ့ ဖွင့်လှစ်သည့် ဇီးချောင်းရေလှောင်တမံသည် နိုင်ငံတော်က ရခိုင်ပြည်နယ်မှ ဒေသခံပြည်သူများ အတွက် ခြောက်ခုမြောက် တည်ဆောက်ပေးသည့် တမံဖြစ်ကြောင်း၊ ယခုကဲ့သို့ ရေလှောင်တမံတည် ဆောက်ပေးခြင်းအားဖြင့် ခြောက်သွေ့သည့် ဤဒေသ ၌ နွေရာသီတွင် ရေကိုလိုအပ်သလို ရယူသုံးစွဲနိုင်မှာ ဖြစ်ကြောင်း၊ တောင်သူဦးကြီးများအတွက် မိုးစပါး အပြင် ဆောင်းသီးနှံ၊ နွေစပါးနှင့် အခြားသီးနှံများကိုပါ တိုးချဲ့ စိုက်ပျိုးနိုင်မှာဖြစ်၍ နိုင်ငံတော်က ရခိုင်ပြည်နယ် သူ၊ပြည်နယ်သားများအတွက် တစ်သက်တာ အမှတ် တရဖြစ်စေမည့် ဆုလာဘ်တစ်ခုပေးခြင်းဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဆည်မြောင်းတာတမံများအပြင် စိုက်ပျိုးရေရရှိရေး အတွက် ချောင်းပိတ်၊ မြောင်းပိတ်နှင့် မြေအောက်ရေ တူးဖော်ရေးလုပ်ငန်းများကို အဘက်ဘက်က တီထွင် ကြံဆပြီး ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်သွား ကြရမှာလည်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအသီးသီးသည် ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးရေးအတွက် အထူးအလေး ပေး ဆောင်ရွက်လျက်ရှိရာ ပြည်နယ်သူ၊ပြည်နယ်သား များအနေဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ဦးထမ်း၊ ပဲ့ထမ်းပါဝင်လျက် မိမိတို့ ရခိုင်ပြည်နယ်အပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံး တိုးတက်စေရမည်ဆိုသည့် ခံယူချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် ၂၀၀၉ ခုနှစ် ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှစ်တွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းကြောင်း၊

ဇီးချောင်းရေလှောင်တမံတည်ဆောက်နိုင်ရေး အတွက် **စာမျက်နှာ ၉ ကော်လံ ၃ သို့** ✧

မိမိတို့ ရခိုင်ပြည်နယ်အပါအဝင် ပြည်ထောင်စုကြီး တစ်ခုလုံး တိုးတက်စေရမည်ဆိုသည့် ခံယူချက်ဖြင့် ကြိုးပမ်း ဆောင်ရွက်၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် ၂၀၀၉ ခုနှစ် ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှစ် တွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင်။

ကျောက်တော်မြို့နယ်ရှိ ဇီးချောင်းရေလှောင်တမံကို တွေ့ရစဉ်။

(သတင်းစဉ်)

သတင်း၊ ဆောင်းပါး အညွှန်း

❑ **"ကျွန်တော်တို့နိုင်ငံဟာ ကုလသမဂ္ဂနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ သမိုင်းအစဉ်အလာကောင်းကို ပိုင်ဆိုင်ခဲ့တာ အားလုံးအသိပါ။ လက်ရှိ ပစ္စုပ္ပန် မှာလည်း အလေးထား ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အနာဂတ်မှာလည်း တက်တက်ကြွကြွ ပူးပေါင်း ဆောင်ရွက်သွားမှာပဲဖြစ်"**

(ဆောင်းပါး) စာမျက်နှာ (၅)

❑ **တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာတွင် မြနန္ဒီသီးနှံအခြောက်ခံစက်ရုံဖွင့်**

(သတင်း) စာမျက်နှာ (၆)

အ င် တ ာ န က် သိ ပ္ပံ သ တ င် း

ဒစ္စကာဗာရီလွန်းပြန်ယာဉ်လွှတ်တင်ရေး စတုတ္ထအကြိမ်အဖြစ် ရွှေ့ဆိုင်း

ဝါရှင်တန် ဖေဖော်ဝါရီ ၂၂

အမေရိကန်ပြည်ထောင်စု အမျိုးသားလေကြောင်းနှင့် အာကာသ အုပ်ချုပ်ရေးအဖွဲ့ (နာဆာ)သည် ၎င်း၏ အာကာသလွန်းပြန်ယာဉ် ဒစ္စကာဗာရီတွင် လောင်စာ တွန်းအားပေးအဆို့ရှင်များ၌ ပေါ်ပေါက်လာဖွယ်ရာရှိသောပြဿနာအပေါ် စိုးရိမ်မကင်းဖြစ်မှုအား မဖြေရှင်းနိုင်သည့်အတွက် ၎င်းအား လွှတ်တင်ရေးကို စတုတ္ထအကြိမ်မြောက် အဖြစ် သောကြာနေ့တွင် ရွှေ့ဆိုင်းထားလိုက်သည်။

နိုင်ငံတကာ အာကာသစခန်းသို့ ၁၄ ရက်ကြာ ခရီးစဉ်အဖြစ် **စာမျက်နှာ ၃ ကော်လံ ၄ သို့** ❍

နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်မည့် နာဆာ၏ အာကာသလွန်းပြန်ယာဉ် ဒစ္စကာဗာရီကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)